# ရက်ခဆောင် နှင့် ထုံးစွဲ ထုံး

အရှင်အာဒိစ္စဝံသမထေရ်

စီစဉ်ရေးသားချက်

ရတနတ္တယ ဂုဏ နယူပဒေသ

# ဂုဏ်တော်နှင့် သုံးစွဲထုံး

# ပုဋ္ဌ

## ဘာသာဝင်တို့၏ လုပ်ငန်း

ဤ စာအုပ်က ရေးသား ချက်မှာ မည်သည့် ဂုဏ်တော်ဖွင့် စာအုပ်က မျှ မရေးသား ပူးသေး သော အချက်သစ် အဓိပ္ပါယ်သစ် စကားသစ် များ သာ ဖြစ်သည်၊ ထို့ပြင်, အသိခက်၍ အိပ်စက်ငိုက်မြီးစေမည့်လည်း မဟုတ်, မပျင်းရိ မငြီးငွေ့ပဲ, ဖတ်ချင်, ဖတ်တိုင်း သိမြင်, ပေါ်လွင်သော ကျင့်ကြံ နည်းညွှန်စကားများချည်း ဖြစ်ပါသည်။

ဝိဇယာစာအုပ်တိုက်၊
အမှတ် ၁၅၀၊ ဗိုလ်ချုပ်လမ်း၊ ရန်ကုန်မြို့
၁၃၁၀

# မာတိကာ


ကျမ်းပလ္လင် ၃ – ၈

၁။ ပဏာမနှင့် ပတိညာဉ် ...... ၁၁

ရတနာမျိုး စိစစ်ချက် ...... ၁၂ – ၁၈

၂။ ဘုရားဂုဏ်တော် ပါဠိ အနက် ..... ၁၉ – ၂၀

အဓိပ္ပါယ်ကျဉ်း ...... ...... ၂၁ – ၂၃

လုပ်ထုံး နှင့် အကျိုး ...... ...... ၂၃ – ၂၅

ဘုရားဂုဏ် သုံးစွဲထုံး ...... ...... ၂၅ – ၂၇

ဂုဏ်တော်များ၏ ခြားနားချက် ...... ...... ၂၇ – ၃၀

၃။ တရားဂုဏ်တော် ပါဠိအနက် ...... ၃၀ – ၃၁

တရားဂုဏ်တော် အဓိပ္ပါယ်ကျဉ်း ...... ၃၁ – ၃၆

ဓမ္မဂုဏ် အဓိပ္ပါယ် ရှင်းလင်းချက် ...... ...... ၃၇ – ၄၁

လုပ်ထုံးနှင့် အကျိုး ...... ...... ၄၂ – ၄၃

တရားဂုဏ် သုံးစွဲထုံး ...... ...... ၄၃ – ၄၄

ကုသိုလ် အစု အပုံ ...... ...... ၄၄ – ၄၆

ကုသိုလ်တရား၏ သတ္တိ ...... ...... ၄၆ – ၄၇

၄။ သံဃာ့ဂုဏ်တော် ပါဠိ အနက် ...... ၄၇ – ၄၉

သံဃာ့ဂုဏ်တော် အဓိပ္ပါယ်ကျဉ်း ...... ...... ၄၉ – ၅၁

ပတိပန် လေးမျိုး အဓိပ္ပါယ် ...... ...... ၅၁ – ၅၅

ကျင့်နည်းနှင့် အကျင့်ဝေဖန်ချက် ...... ...... ၅၅ – ၅၆

ပတိဂ္ဂဟဂုဏ် အဓိပ္ပါယ် ...... ...... ၅၆ – ၅၈

သံဃာ့ဂုဏ် ကျင့်ထုံးနှင့် သုံးစွဲထုံး ...... ...... ၅၉ – ၆၁

၅။ ရတနာ ၃ ပါး၏ ကြေးတန်ပုံ ...... ၆၂ – ၆၆

ဘုရား<br>တရား } ဘယ်ဟာလဲ ? ...... ...... ၆၆ – ၆၉<br>သံဃာ

ဥပါသကာတို့ နှစ်လုံး ထားဖွယ် ...... ...... ၆၉ – ၇၄

၆။ နိဂုံးကမ္ဗတ် ...... ၇၅ – ၇၆

မြန်မာနှင့် မြတ်စမြင်းတောင်းဝါဒ ...... ...... ၇၆ – ၈၁

# ကံတော့ပူဇော်နည်း

## နှင့်

# အရှင်အာဒိစ္စဝံသ ဆုတောင်း

(တအုပ်-၄ပဲ, အုပ်တရာ-၁၅၀-နှုန်း။

---

ဤစာအုပ်ကား ဘာသာရေး သင်ပုန်းကြီးကျမ်းဖြစ်ပါသည်၊ မြန်မာပြည်တွင် ရှင်ရော လူပါ သုံးစွဲကြ, နှုတ်တက်ကြသည့် သြကာသ ဆေးရိုးကြီး၏ ကိစ္စပြီး ခပ်လွယ်လွယ်နှင့် နားမလည် မရှိရအောင် အဓိ အကျ ရှင်းချက်နှင့် ကံတော့ဝန်ချနည်း, ရှိခိုးပူဇော်နည်း, ငါးသုပေးနည်း, သို့မဟုတ် လုတ္တိအာပတ် ဖြေနည်း, ဓရိဝါသ ကျင့်နည်း, ငါး အဋ္ဌ နံသွင်းနည်း များနှင့် မြန်မာ လူတိုင်းလိုမှန်းကြသည့် ပုဂ္ဂတိုး အရှင်အာဒိစ္စဝံသ၏ သံဝေ ရစရာ ဆုတောင်းကြီးများကို ကျနစွာ သေချာစွာ ဖော်ပြလျက်ဖတ် ရှုရသူတို့ ဘာသာရေး စာဖတ်တတ်သူ ဖြစ်ဖို့ အထူး ကောင်းလှ၏၊ သု-ဒုမင်္ဂလ အခကျေးငွေ ၉၀၄ ကမ်းလှမ်း လိုသူများ အတွက် တရာ ၁၅၀ နှင့် ရနိုင်ပါသည်။

# ကျမ်းပလ္လင်

ဤမြန်မာနိုင်ငံကား ဗုဒ္ဓ-ဘာသာဝင်တို့၏ အကျနဆုံး ဒေသတည်း၊-ဟု မြောက်မြားစွာသော ပညာရှိ ဒေသန္တရ ဗဟုသုတသျှင်တို့ ဆိုကြကုန်၏၊ ဤကျမ်း ဆရာ အရှင် အာဒိစ္စဝံသက လည်း ထို့အတိုင်း အာမ ခံပါ၏၊ အကြောင်းကား ဗုဒ္ဓ-ဘာသာမှာ တောင်ပိုင်း မြောက်ပိုင်း ဟူ၍ ၂ မျိုးကွဲပြား၏၊ ၎င်းတို့တွင် တိဗက် ခုတန် ဘူတန် တရုပ် ဂျပန် မဂိုလျာတို့ကား မြောက်ပိုင်း ဗုဒ္ဓ-ဘာသာ ဂိုဏ်း ဖြစ်ကုန်၏၊ ၎င်းမှာ မဟာယာနာ ဂိုဏ်းဟု ခေါ်တွင် လျက်ရှိ၏၊ ၎င်းမဟာယာန ဂိုဏ်းတို့အယူအစွဲမှာ သာကျ-မုနိခေါ် ဗုဒ္ဓ-အယူကား မှန်၏, သို့ရာတွင် ဘုရား-ရှင်တို့၏ ကောင်ကင်ဘုံ နန်းနှင့် နေထိုင် ခြင်းကို ယုံကြည်ကြသောကြောင့် ဤတောင်ပိုင်း ဗုဒ္ဓဘာသာ ကျမ်းတို့နှင့် များစွာ ခြားနား ကွဲလွဲလျက် ရှိလေသည်၊ သတိပဋ္ဌာန် သမ္မပ္ပဓာန် စသော ဗောဓိပက္ခိယ တရား အသွား အလာ ချင်းကား တူတန်လှ၏၊ ၎င်းတို့၏ လလိတ-ဝိတ္ထရ ခေါ် ဗုဒ္ဓဝင်ကား ၎င်းတို့ အယူအစွဲအား အလျော် ဆိုထားချက် ဖြစ်စေကာ, များစွာသော အချက်တို့၌ တောင်ပိုင်း ဗုဒ္ဓဝင် ထက်ပင် ကောင်းသေး၏။

မြန်မာ သီဟိုဠ် ယိုးချားတို့ကား တောင်ပိုင်း ဗုဒ္ဓ ဘာသာတို့ ဖြစ်ကုန်၏၊ ၎င်းမှာ ဟီနယာန ဂိုဏ်း ဟု မြောက်ပိုင်း ဗုဒ္ဓဘာသာဝင် တို့က ခေါ်ဝေါ် သုံးစွဲလျက် ရှိလေသည်၊ တောင်ပိုင်းသားတို့ ကိုယ်တိုင်က မူကား မိမိတို့ ဂိုဏ်းကို ထေရ ဝါဒ- ဂိုဏ်းဟု ဆိုကြကုန်၏.

မြောက်ပိုင်း ဗုဒ္ဓဘာသာကို မဟာသင်္ဃိတိ ဂိုဏ်းဟု ဆိုကြကုန်၏၊ ဤသည့် တောင်ပိုင်း ဗုဒ္ဓဘာသာ-ဂိုဏ်း၏ အယူမှန်ကား ဘုရားမှာ ထာဝရ တည်နေသည် မဟုတ်, ပရိနိဗ္ဗာန် စံလွန်ခန္ဓာဝန် ဇာတ်သိမ်း၍ ငြိမ်းစဲးလေသည်၊ ထိုအယူ-ဝါဒတွင် မြောက်ပိုင်း ဗုဒ္ဓဘာသာ ဂိုဏ်းကဲ့သို့ နတ်ဗေဒင် အင်းအိုင် မန္တန် မန္တြား စသည် ယုံကြည်ရေး မရှိ, ဘဝဒုက္ခ ငြိမ်းစဲးရေးမှ တပါး အခြားလုပ်ငန်းတစုံတရာ မရှိ, ဘဝ တပါး ကောင်းစားရေး အတွက် ပြုလုပ်ဖွယ် ဒါန-သီလ ဘာဝနာပင် မရှိချေ။ စင်စစ်ကား လောကချုပ်ငြိမ်းရေး ဒါန-သီလ ဘာဝနာ မျှသာ ရှိလေသည်၊ ဤကား ပညာရှိတို့ ယုံကြည်ကိုးစား လောက်သော ဘုရားဟော ပါဠိတော်ခေါ် ကျမ်းစာများ၏ အလို သက်သက်ကို ပြဆိုချက်တည်း။

ပိဋက အဖွင့် အဋ္ဌကထာ ဋီကာကျမ်း တို့တွင်ကား-နတ် ဗေဒင် တိတ် နိမိတ် မင်္ဂလာ အမင်္ဂလာစသော ဝါဒတို့လည်း ရောနှော ပါရှိကုန်၏၊ ထို့ပြင် ဝဋ္ဋနိဿိတ ဝိဝဋ္ဋနိဿိတ ဒါန စသည် လည်း ဖွင့်ဆို လာရှိ၏။

တောင်ပိုင်း ဗုဒ္ဓ-ဘာသာဝင်တို့၏ နတ် ဗေဒင် သိုက်တဘောင် စံနည်း အင်းအိုင် လက်ဖွဲ့ မန္တန် မန္တြား အတိတ် နိမိတ် မင်္ဂလာ အမင်္ဂလာ စသည် ဘဝကောင်းစားရေး ပြုလုပ်ထုံး ပြုလုပ်နည်းများမှာလည်း မြောက်ပိုင်း ဗုဒ္ဓဘာသာဝင်တို့ အယူ အဆနှင့် များစွာ မခြားနားကြလှချေ၊ သို့ ဖြစ်တုံလျက် 'မြန်မာပြည်သည် ဗုဒ္ဓဘာသာ အကျုန်ဆုံး' ဟု အဘယ့်ကြောင့် ဆိုနိုင်သနည်း?၊ မြန်မာ

ပြည်က ဗုဒ္ဓဘာသာဝင် ဥပါသကာ တကာ တကာမတို့၏ လှူရေး တန်းရေး, ရဟန်းတော်များ၏ ပရိယတ် ပဋိပတ် သင်ကြားရေး ကျင့်ကြံ နေထိုင်ရေးများမှာ သီဟိုဠ်နှင့် ယိုးဒယားတို့ထက် အထူး သာလွန် တိုးတက် နေလေသည်၊ ထိုမှဖြင့် ပင် မြန်မာတို့ ဗုဒ္ဓ-ဘာသာတွင် အသာဆုံး ဆိုချက် ဖြစ်၏၊ သီဟိုဠ် ယိုးဒယားတို့၌ ပရိယတ် ပဋိပတ် လုပ်ငန်း များစွာ ဆုတ်ယုတ်သကဲ့သို့ မြန်မာပြည်၌ လည်း ယခု လွန်ခဲ့သော ၁၅ နှစ်လောက်မှ စ၍ တဖြည်းဖြည်း ယုတ်ညံ့ နိမ့်ကျလျက် ရှိခဲ့လေသည်၊ နတ် ဗေဒင် သိုက် တဘောင် အင်းအိုင် မန္တန် မန္တြား မင်္ဂလာ အမင်္ဂလာ လိုက်နာ ယုံကြည်ရေးမှာကား ထူးတွေ ခြားနားမရှိကြ၊ သို့သော် ဤအချက်၌ ယိုးဒယားက ပထမ, မြန်မာက ဒုတိယ, သီဟိုဠ်က တတိယ တန်းခန့် ကျမည်ဟု ထင်ရ၏၊ ဤသို့ အားဖြင့် နတ် ဗေဒင် စသော မိစ္ဆာ အယူများ၏ သက်ဝင် စွဲယူရေး ဖက်မှာကား တိဗက် တရုပ် ဂျပန် စသော မြောက်ပိုင်း ဗုဒ္ဓ-ဘာသာတို့နှင့် ထူတန် ညီမျှသလောက် ဖြစ်ကြလေသည်။

ထိုကဲ့သို့ နတ် ဗေဒင် သိုက် တဘောင် အင်း အိုင် မန္တန် မန္တြား တိတ် နိမိတ် မင်္ဂလာ အမင်္ဂလာ အယူ အစွဲများ၏ ဗုဒ္ဓဘာသာဝင်တို့ အယူ အစွဲပေါ်၌ လွှမ်းမိုး ဖိစီးနိုင်ရခြင်း အကြောင်း မူလကို ဤသို့ သိအပ်လေသည်။

ပထမဆုံး အရေးကား ဘာသာဝင် အသီးသီးတို့မှာ လောကသား ဓမ္မတာအတိုင်း ထိုထို မှားယွင်းသော မိစ္ဆာ အယူများကိုပဟုတ် မဟုတ် မစဉ်းစားကြပဲ ပြုသင့်မပြုသင့်

မချင့် မစာကြပဲ ပြုမူလိုက်တတ်ကြလေသည်၊ ထို့ပြင် ထိုသည့် နတ် ဗေဒင် အယူ အစွဲများမှာ မိမိတို့ ဗုဒ္ဓရှင် တော်၏ ဖြစ်ပွါးရာ ဒေသက အကျင့် အာစာရ ဖြစ်၍ အလေးအစား ပြုပြီး ဖြစ်ကြရာ, ထိုသည့် အရပ်က အထက် တန်းစားဟု အများ သမုတ်အပ်သော ပုဏ္ဏား လူမျိုးတို့က ထိုသည့် မိစ္ဆာအယူများကို ညွှန်ကြား ပြုပြင်လျက် ရှိကြ ကုန်သည်။

၎င်းတို့ကား လောကကို မှားယွင်းစေလိုသော အလို ဆန္ဒ မဟုတ်ကြကုန်, မိမိတို့ အယူ အစွဲ ပင် ဖြစ်၍ အမှား မထင်မှတ်ကြကုန်, မိမိတို့ အယူအစွဲကို လောကသူတို့ အား ဖြားယောင်း စွဲယူစေမည်ဟု လည်း စိတ်ထား၍ ပြုလုပ်ကြသည် မဟုတ်ကုန်, စင်စစ်ကား ထိုသည့် မိစ္ဆာ လုပ်ငန်းများမှာ မိမိတို့၏ ယမင်းစားပေါက် အသက်မွေး ဝမ်းကြောင်း လုပ်ငန်းဖြစ်ရကား, ကြီးပွါးရေး လုပ်ငန်းကို ကြိုးပမ်းစွာ လုပ်ကိုင်ကြကုန်၏၊ ထိုသို့သော ဗုဒ္ဓယသား အယူမှား အလုပ်၌ ဟုတ် မဟုတ် မစဉ်းစားပဲ သနား၍ ရှင်ပျ၍ ကြောက်ရွံ့၍ မသိကြ၍ လိုက်နာ ပြုကျင့်ကြ ကုန်၏၊ ထို့ပြင် ထိုသည့် ပုဏ္ဏားတို့ အယူ အစွဲ အလိုက် ထိုက်လျော် တူတန်သည့် မိမိတို့ ဘာသာရေး အဖွင့်ကျမ်း အခွင့် ပြုချက် အလိုများကိုလည်း တွေ့ရှိရလေသည်။

ထိုသို့အားဖြင့် မိမိတို့ ဘာသာတရားနှင့် သင့် မသင့် မချင့်စာတတ်ခြင်း, ပုဏ္ဏားတို့က တိုက်တွန်းခြင်း, မိမိတို့ ဘာသာရေး အဖွင့်ကျမ်းများက အခွင့် ပြုခြင်း ဟူ၍ ၃ မျိုး သော အကြောင်းတို့ကြောင့် ဗုဒ္ဓဘာသာဝင်တို့မှာ မိစ္ဆာ

အယူများ သက်ရောက်ကြကုန်၏၊ မှချ အမှန်မှာ ဤဗုဒ္ဓ-ဘာသာဝင်တို့၏ ထိုသို့သော နတ် ဗေဒင် ဝါဒ စသည် မိစ္ဆာ အစွဲတို့ကို ပြုမူကြခြင်းမှာ ထိုသည့် အယူမှား အတိုင်းလိုက်နာ၍ အကျိုးရသည်ဟု ထင်မှတ်ခြင်း,မိမိတို့ ဘာသာရေး ပျက်ကွက်၍ အကျိုး မည်မျှ နစ်နာသည်ဟု မသိခြင်း ပင် အရင်းခံ ဖြစ်ပေသည်၊ ထို့ကြောင့် ထိုသို့သော ဗုဒ္ဓဘာသာဝင်ဥပါသကာ တကာ တကာမတို့၏ စိတ်သဘော၌ မိမိတို့ စွဲယူသည့် သရဏဂုံ၏ ကြေးတန်ကြောင်းနှင့် လုပ်ငန်းကို သိမြင်နိုင်ကြရန် သရဏဂုံ နှင့် ကိုးကွယ်ထုံးကျမ်းကို ကျွန်ုပ်တို့ ရေးသား ဖြန့်ဝေခဲ့သည့် အတိုင်း ဤသည့် **ရတနတ္တယ-ဂုဏ-နယူပဒေသ** ခေါ် **ဂုဏ်တော်နှင့်သုံးစွဲဆိုးကျမ်း** ဖြင့် ဘုရား တရား သံဃာ ဂုဏ်တော်များ၏ ကြေးတန်လှပုံ, ၎င်းကို အသုံးချခြင်း လိုက်နာခြင်းအားဖြင့် ပစ္စက္ခ ကောင်းကျိုး တမလွန် ကောင်းကျိုး နိဗ္ဗာန် အမြတ် ပရမတ် ကောင်းကျိုး အထိ ပြီးစီးစေနိုင်ပုံတို့ကို ဖော်ပြသိစေနိုင်ကုန်သတည်း။

ဤ မြန်မာတို့ အတွင်း၌ ရတနာ သုံးပါး၏ ဂုဏ်ကို ဖော်ပြသော မြန်မာဘာသာ ကျမ်းစာ အမျိုးမျိုး ရှိကုန်၏၊ အဋ္ဌကထာ ဋီကာ တို့လည်း ထင်စွာ ရှိကုန်၏၊ ကျွန်ုပ်တို့ သိရသမျှသော ဂုဏ်တော် အဖွင့်ကျမ်းတို့ကား မပြသင့်သော ပုဂ္ဂလာဓိဋ္ဌာန် အစွမ်းတော် တန်ခိုးတော်ကို သာ ဖော်ပြခြင်း, တော တောင် အင်းအိုင် စသည်ကို သာ ချီးကျူးနေခြင်း,မြန်မာအဖွင့်ကျမ်းတို့မှာလည်းထိုသို့သော တန်ခိုး စွမ်းပကားတော်တို့ကို ပင် ဖော်ပြလျက် ပါဠိ

သာဓက အပြည့်အစုံ ဖော်ပြ ရေးသားခြင်း များကြောင့် လိုရင်း ဂုဏ်များ မပေါ်လွင်, လိုက်နာ ကျင့်ဆောင့်ရေး မထင်ရှားသဖြင့် အကျိုး မများသော သုံးချစ် ချုံ့ကြီးတို့ သာ ဖြစ်ကုန်၏ဟု ကျွန်ုပ်တို့ ထင်မြင်မိသည့်အတိုင်း ဤ **ရတနတ္တယ ဂုဏ- နယူပဒေသ** ခေါ် **ဂုဏ်တော်နှင့် သုံးစွဲပုံ** ကျမ်းကို ရေးသားခြင်း ဖြစ်ပေသည်။

၎င်းမှာ ဘုရား တရား သံဃာ ဟူသော ရတနာ ၃ပါး တို့၏ လိုရင်း ဂုဏ်တော် အနက် အဓိပ္ပါယ် ပေါ်လွင် ထင်ရှား၍ ကြည့်ရှုသူတို့၏ ကိုယ်ပိုင် အသိဉာဏ်ကို ရင့် ကျက် နှိုးနှပ်စေနိုင်ပါလိမ့်မည်ဟု ဝန်ခံနိုင်ရကား, ထိုထို ဗုဒ္ဓဘာသာဝင်တို့၏ လုပ်ငန်း ကိုလည်း တိုက်တွန်းနိုင် ကြောင်း ခံဝန်ပါသည်၊ ထို့ကြောင့် ထိုသို့သော ကြည့်ရှု သူတို့ ရသင့်သော ကောင်းကျိုးများ ရ [illegible], ချိန်ဆ ကြည့်ရှုရန် တိုက်တွန်းပါသည်။

## သာသနာတော် ..... ငါးထောင်

ဆိုသော စကားသည် ဘုရား တရားတော်ကို စော်ကားသော စကား, ဘုရားကို ပုန်ကန်,ခြားနားသော စကား ဖြစ်၏၊ ဘုရား မဟောသည်ကို အဟော, ဘုရား ဟောသည်ကို မဟော လုပ် သော စကားဖြစ်၏၊ ဘုရား၏ မမွစက်ကို ကန့်ကွက် ဖျက်ဆီး သော စကားဖြစ်၏၊ မဂ် ဖိုလ် တရားတို့ လျှင်လျှားစွာ ကွယ် အောင် လုပ်သော စကားဖြစ်၏၊ ကပ္ပါသူ ကပ္ပါသားကို လမ်း မှား ရောက်စေ၍ အကျိုးကြီး နဲ့အောင်လုပ်သော စကားဖြစ်၏၊

# အရှင်အာဒိစ္စဝံသ၏

# တရားမှန်တော်ကြီး ၁၆-တွဲ

**စက္ကူကြမ်း-၄ ကျပ်** **စက္ကူချော-၅ ကျပ်**


၁ ကံတော့ပူဇော်နည်း

၂ ဂုဏ်တော်နှင့်သရဏဂုံပဋ္ဌသီ

၃ သီလနှင့်ကျင့်သုံးနည်း

၄ ဒုစ္စရိုက်-သုစရိုက်နှင့်ကမ်

၅ ပုညကြိယာ-ဒါန-သီလ-ဘာဝနာ

၆ ခန္ဓာ ယတန ဓါတ် သစ္စာ

၇ ပဋိစ္စသမုပ္ပါဒ်ဝေဖန်ချက်

၈ ဘုံ ပုဂ္ဂိုလ်နှင့်ချမ်းသာဆင်းရဲ

၉ သတိပဋ္ဌာန်ပွါးများရေး

၁၀ သမပ္ပဓါန်ပွါးများရေး

၁၁ ဣဒ္ဓိပါဒ်ပွါးများရေး

၁၂ ဣန္ဒြေနှင့်ဗိုလ်ပွါးများရေး

၁၃ ဗောဇ္ဈင်ပွါးများရေး

၁၄ မဂ္ဂင်ပွါးများရေး

၁၅ ဈာန်အဘိညာဏ်

၁၆ လောကဆုံးနိဗ္ဗာန်

၁၇ အရှင်အာဒိစ္စဝံသ အဏ္ဏပ္ပတ္တိနှင့် ဆုတောင်း


**ဗုဒ္ဓဘာသာတိုင်း သိအပ်သော လုပ်ငန်းအပြည့်အစုံပါသည်။**

အတွဲငယ်-တတွဲလျှင် ၂၅ ပြားစီ

ပဌမ ၈-တွဲ တအုပ် ၂ိစီ၊ ဒုတိယ ၈-တွဲ တအုပ် ၂ိစီ၊

---


ဝိဇယစာအုပ်တိုက်၊ ၁၅၀-ဗိုလ်ချုပ်လမ်း၊ ရန်ကုန်မြို့။

# ဘုရားဟော

**မဟာဝဂ်ပါဠိတော်လာ**

## သိမ်နှင့် စပ်ဆိုင်ရာ ပါဠိတော် များကို

ထုတ်နှုတ် စုပေါင်း၍ သိသင့် သိထိုက်သော

အနက် အဓိပ္ပါယ်တို့ကို ရှင်းလင်းလျက်

**ဘုရားရှင်၏**

ဆိုလိုရင်း အာဘော် ကျအောင်

## အရှင် အာဒိစ္စဝံသ မထေရ်

**ဆန်းကြယ်စွာ ဖွင့်ဆို ရေးသား**

**အပ်သော**

# သီမသင်္ဂဟ ပါဠိနှင့်နိဿယ

## အဘိုး ၃

ဝိဇယစာအုပ်တိုက်၊ ၁၅၀၊ ဗိုလ်ချုပ်လမ်း၊ ရန်ကုန်မြို့။

ရတနတ္တယ ဂုဏ နယူပဒေသ

# ဂုဏ်တော်နှင့် သုံးစွဲးထုံး

## ၁၊ ပဏာမနှင့် ပတိညာဉ်

**န**တွာ တိ-ရတနံ တေဇ,
**တိ**-လောက-ဒုက္ခ-တီရဏံ၊
**ဝ**က္ခံ ပသာဒ-ဝဍ္ဎာယ,
**တိ**-ရတန-ဂုဏ-နီတိကံ။

**အ** ဟံ=အာဒိစ္စဝံသ နာမ မည်ခေါ် တပည့်တော်သည်၊ ဝါ=ရုပ်-နာမ် နှစ်ဝ အနတ္တကို အတ္တ မှတ်မှား အားရှိ ကသ်မက် ဉာဏ်ပျက် ယူလွဲး ကိုယ်စွဲး ဒိဋ္ဌိ ထင်မိ ယောင်ချာ အာဒိစ္စဝံသ နာမသမုတ် အကျွန်ုပ်သည်၊ တိလောက-ဒုက္ခ တီရဏံ=လောက ၃ ပါးရှိ ဆင်းရဲးကို လွန်မြောက်နိုင်စွာ သော၊ ဝါ=လောက ၃ ပါး ဟူသော ဆင်းရဲးမှ လွန်မြောက် စေနိုင်သော၊ တိရတနံ=ဘုရား,တရား,သံဃာ,ရတနာ ၃ ပါး ကို၊ တေဇ= ၃ မျိုး ၃ စား ခြားနားသော ရှိခိုးခြင်းဖြင့်၊ နတွာ=ဘေး လပ် မကိုး မျိုးလေ့ မဖက် သက်သက်ဂုဏ် မြစ် သဒ္ဓါစစ်ဖြင့် စိတ်နှစ်မြှတ်နိုး နှိမ်ကျိုး ညွှတ်ပျပ် ရှိုတုပ် ဝပ်၍၊ ပသာဒ-ဝဍ္ဎာယ= ဥပါသကာ တကာ တကာမ ဘာသ်ရှုကြသူ မိုလ်ပေါင်းလူတို့ ကြည်ဖြူ ရွှင်ပျခြင်းတိုးပွါး စေရန် အလို့ငှါ၊ တိရတနဂုဏနီတိကံ=ရတနာ ၃ ပါးဂုဏ် ကို ညွှန်ပြသော ရတနတ္တယ ဂုဏ နယူပဒေသကို၊ ဝါ= ဂုဏ်တော်နှင့် သုံးစွဲးထုံး ကျမ်းကို၊ ဝက္ခံ=နှုတ်ဆို မြွက်ပြီး လက်မှုကြီးကို ဝဲ့ချီး ချိုသာ နားနာသူငြိမ့် စိတ်ကြည်ဆိမ့် အောင် ဆိုပိမ့်သတည်း။

ဝိဇယ- ၂။

## ရတနာမျိုး စိစစ်ချက်

ဤရတနဗ္ဗယ ပွကာသမ **တိရတနံ** ပုဒ်အရ ရတနာသည် သက်ရှိ, သက်မဲ့ ဟု ၂ မျိုးတွင် လေးကျွန်းလုံးကို အိုးပိုင်သည့် စကြာမင်း စည်းစိမ်ကို ပေးနိုင်သော စကြာရတနာ, ထိုသည့် စကြာ မင်းသုံး တယူဇနာအတွင်း နေကဲ့သို့ လင်းနိုင်သော ပတ္တမြား ရတနာနှင့် တကွ သုဝဏ္ဏံ=ရွှေ, ရဇတံ=ငွေ, မုတ္တာ=ပုလဲ, မဏိ=ပတ္တမြား, ဝေဠုရိယော=ကျောက်မျက်ရွဲး-ကျောက်စိမ်း, ပဝါဠံ=သန္တာ, လောဟိတင်္ကော=ပတ္တမြားနီ, မသာရကလ္လံ=မဏ္ဍမြား ပြောက်-မသာရဂလ်ကျောက် စသည့်တို့ကား အသက်မဲ့ ရတနာတို့တည်း။ စကြာမင်းတို့သာ သုံးဆောင်ထိုက်သော လိုသမျှ ရွှေ ငွေ ရတနာကို အသာသာပြည့်အောင် ပေးနိုင်သည့် သေဋ္ဌေးကြီး ရတနာ, တိုင်းနိုင်ငံ အုပ်ချုပ်ရေးတွင် စကြာမင်းကြီး စိတ်အေးအောင် စီမံ ခန့်ခွဲး နိုင်စွမ်းသော သားကြီးရတနာ, စကြာမင်းကြီး၏ အလိုကို မလိုအောင် ဖြည့်စွမ်း ချမ်းမြ ကြည်လင်စေနိုင်သည့် မိဘုရားကြီး ရတနာ, ကောင်းကင်သို့ ပျံတက်စွမ်းနိုင်သော ဆင်ရတနာ မြင်းရတနာ- ဤသို့ စသည်တို့ကား သက်ရှိ ရတနာတို့တည်း။ ထိုတွင် သက်မဲ့ ရတနာထက် သက်ရှိ ရတနာကို အမြတ် ဟု ဆိုအပ်၏, အကြောင်းကား သက်မဲ့ ရတနာ သည် သက်ရှိရတနာတို့၏ ကြက်သရေဆောင် တန်းဆာ ပလာ မျှ ဖြစ်လေသည်။

ဤသည့် မြင့်မြတ်သော သက်ရှိ ရတနာလည်း လူ, တိရစ္ဆာန် ဟု ၂ မျိုး ရှိပြန်ရာ, တိရစ္ဆာန် ရတနာတို့ မည်သည် စကြာမင်း အစ ရှိသော လူတို့၏ အသုံးအဆောင် မျှ ဖြစ်၍ စင်စစ်အားဖြင့် လူရတနာသာ မြင့်မြတ်၏၊ လူရတနာမှာလည်း ယောကျ်ား,မိန်းမ ဟု ၂ မျိုးကွဲလွဲ ရှိပြန်ရာ, မိန်းမ ရတနာ မည်သည် ယောကျ်ား ရတနာတို့၏ ခြေရင်း အလုပ် အကျွေးမျှ ဖြစ်သောကြောင့် ယောကျ်ား ရတနာ သာလျှင် မြင့်မြတ်၏။ ယောကျ်ား ရတနာသည်လည်း အိမ်ယာ မထောင်, အထောင် ၂မျိုးရှိပြန်ရာ, အိမ်ယာ တည်ထောင် လူ့ဘောင် နေသူတို့ပူဇော် ဝပ်တုပ်ရာ ဖြစ်၍ အိမ်ယာ မထောင်ရဟန်းဘောင် နေသူသာ မြင့်မြတ်၏၊ အနာဂါရိက=အိမ်ယာ မထောင်သော ရဟန်းသည်လည်း သာသနိက=ဗုဒ္ဓသာသနာဝင်, အညတိတ္ထိယ=အခြား အယူဝါဒ များ ဟု များစွာ ကွဲပြန်ရာ, သာသနိက=ဗုဒ္ဓသာသနာဝင် ရဟန်းတော်သည်သာ လောက ဆင်းရဲမှ လွတ်မြောက်ရေး အကျင့် ရှိသောကြောင့် မြင့်မြတ်၏၊ ၎င်းသည်လည်း ရဟန်း သာမဏေ ဟု ၂မျိုးတွင် ရဟန်းတော်သည် သာ အထောင်မကသော သာမဏေကို ဖြစ်စေ၍ မြင့်မြတ်၏၊ ၎င်းသည် လည်း အရိယာ ပုထုဇ္ဇန် ဟု ၂ မျိုးတွင် အကျင့် သိက္ခာဂုဏ် မဂ်ဖိုလ်ဂုဏ် ၂ မျိုးအားဖြင့် ကြီးမားလွန်ကဲ သော အရိယာသည်သာ ပုထုဇ္ဇန်ထက် မြင့်မြတ်၏။

အရိယာ ပုဂ္ဂိုလ် တို့တွင် လည်း အသေက္ခ- ရတနာ ရဟန္တာသည် သာ သိက္ခာ ဂုဏ် သိရ် အားဖြင့် အမြင့်မြတ်ဆုံးဖြစ်၏၊ ၎င်းသည်လည်း သုက္ခ- ဝိပဿက, သမထ

ယာနိကဟု ၂မျိုးတွင် သမထ ယာနိက-ဈာန်-အဘိညာဉ်ရ ရဟန္တာသည် သာ ဝိပဿနာ သက်သက်ဖြင့် အာသဝ ကုန်ခန်းသော ရဟန္တာထက် မြင့်မြတ်၏၊ ၎င်းသည်လည်း သာဝကပါရမီ အထွတ်အထိပ်ရောက်, မရောက် ၂ မျိုး တွင် သာဝက ပါရမီ အဂ္ဂပွတ် ရဟန္တာသည်လျှင် ဆည်း ပူးခဲ့သော ပါရမီဒဗ္ဗ-သမ္ဘာရ အတွက် မြင့်မြတ်လေသည်၊ ၎င်းမှာလည်း မဟာ-အဂ္ဂ ဟု ၂မျိုး ရှိပြန်ရာ, အဂ္ဂသာဝက သည် သာ ပါရမီနိယာမ အားဖြင့် မြင့်မြတ်၏၊ ၎င်းသည် လည်း လကျာ, လက်ဝဲ ၂ မျိုးတွင် ပညာ လွန်ကဲသော လကျာတော်၏ အဂ္ဂသာဝကသည် သာ တန်းခိုး လွန်ကဲ သော လက်ဝဲ၏ အဂ္ဂသာဝကထက် မြင့်မြတ်၏၊ ထိုသည့် လကျာတော်ရှိ အဂ္ဂသာဝကထက်လည်း သယမ္ဘူဉာဏ် ရှိ ကိုယ်တိုင်သိ အတန်းအစားသို့ ဆိုက်ရောက်သော ပစ္စေ က ဗုဒ္ဓ=ဘုရားငယ်သည်သာ မြင့်မြတ်၏၊ထိုသည့် ပစ္စေက ဗုဒ္ဓသည်လည်း သဗ္ဗညုတ သမ္မာသမ္ဗုဒ္ဓ ဘုရားသခင်နှင့်နှိုင်း ယှဉ် စံထားလျှင် ကြီးမားသော နေဝန်းနှင့် မိုးမြေမြှုံးမှာ ဂုဏ်ထူးချင်း ကွာခြားသကဲ့သို့ အလားတူ ဖြစ်လေသည်၊ စင်စစ် အမှန်ကား သဗ္ဗညု ဘုရားရတနာသည်သာ အမြတ် ထွတ်ဆုံး ရတနာ ဖြစ်သတည်း။

တရားသည်ကား သုက္ကဝိပါက ဖြူစင်စွာ အကျိုးကို ရစေသော တရား, ကဏှဝိပါက မည်းညစ်စွာ အကျိုးကို ရစေသောတရားဟု ၂မျိုးရှိရာ,ကဏှဝိပါက ဖြစ်သော အ ကုသိုလ် တရားစုသည် စွပ်စွဲဖွယ် အပြစ်ရှိခြင်း, မကောင်း ဆိုးဝါး ခါးစပ် ပူပန်သော အကျိုးရှိခြင်း ဖြစ်ရကား စင်စစ်

ယုတ်ညံ့၏၊ ကုသိုလ်တရား အပေါင်းကား စွပ်စွဲးဖွယ် အပြစ် ကင်းခြင်း ,ကောင်းကျိုးရခြင်း ၂မျိုးအားဖြင့် မွန်မြတ်သော ကြောင့် မြင့်မြတ်၏၊ ကုသိုလ်တွင် လောကီ, လောကုတ္တရာ ဟု ၂ မျိုးတွင် လောကီ ကုသိုလ်တို့သည် ကေန္တ သုခ နိယတ မဟုတ်သောကြောင့် စင်စစ် မမွန်မြတ်, ကေန် ချမ်းသာ မြဲးစွဲးသော လောကုတ္တရာ တရားသည် သာ မြင့် မြတ်၏၊ ၎င်းသည်လည်း အကြောင်းအကျိုးအားဖြင့် ၂မျိုး, အကြောင်းမှာလည်း တဒင်္ဂ သမုစ္ဆေဒဟု ၂ မျိုး ရှိပြန်ရာ, မဟာကုသိုလ် ဉာဏ သမ္ပယုတ်ရှိ ဗောဓိပက္ခိယ တဒင်္ဂ- မဂ်ကုသိုလ်ထက် အကြွင်းမဲ့ ကိလေသာကို ဖြတ်ပယ်သော လောကုတ္တရာ ကုသိုလ်သည်သာ မြင့်မြတ်၏၊ ၎င်းထက် လည်း အဖန်ဖန် ငြိမ်းပြီး ဖြစ်သော ဖိုလ်တရားသည် မြင့် မြတ်၏၊ ၎င်းထက်လည်း ကေန် စင်စစ် ,ငြိမ်းချမ်း သော နိဗ္ဗာနဓါတ် ရတနာသည် သာ အမြတ်ဆုံးဖြစ်၏၊

သံဃာသည်လည်း အပေါင်းအစု လက္ခဏာအားဖြင့် ကွဲပြားခြားနား မြောက်မြားစွာ ဖြစ်စေကာ, ဤဗုဒ္ဓသာသ နာဝင် သံဃာသည် သာ မိမိတို့ သန္တာန်၌ အကျင့်သီလ ဂုဏ် အရိယာမဂ် ဖိုလ် ဂုဏ်, မြင့်မြတ်သော အလှူကို ခံယူ နိုင်၍, ထိုအလှူ၏, အကြီးဆုံးသော အကျိုးကို ဖြစ်ပွါးစေ နိုင်သော ဂုဏ်, လောက သားတို့ ကောင်းစား ရေးကို ဘုရားရှင့် ကိုယ်တော်စား တရားနည်းကျ ဆောင်ရွက်နိုင် သော ဂုဏ်အားဖြင့် မြင့်မြတ်ဆုံး ဖြစ်သတည်း၊ [ဤနေရာ၌ ဘုရား,တရား,သံဃာတို့တွင် ဘယ် ရတနာ မြတ်သည် ဟု သီးသန့် မဝေဖန်ရ, အကြောင်းကား ရတနာ ၃ ပါးစုံ

တို့၏ မွေသဘာဝ ဂုဏ်အားဖြင့် လောကသားတို့ အကျိုးကို ဆောင်၍ ကပ္ပါကို ချမ်းသာစေခြင်း လောကမီး ငြိမ်းချမ်းဖေးမြတ်ခြင်း သဘောချည်း ဖြစ်သတည်း၊ ဂုဏ် အသီးသီးကို ပိုင်းခြား သော်ကား ဘုရားသည် လောကမီး ငြိမ်းတရားကို သိမြင်, ဖော်ပြ၍ မြတ်၏, တရားသည် လောကမီးကို ငြိမ်းစေတတ်၍ မြတ်၏, သံဃာသည် လောကမီး ငြိမ်း၍ မြတ်၏၊ ထိုသို့သတ္တိ အသီးသီး ကွဲပြား စေကာ, ရတနာ ဟူသည့် ကိစ္စ သဘာဝကို သာ ပိုင်းဖြတ် အပ်ရာ ဖြစ်ရကား လောကမီးငြိမ်းရေး ကိစ္စချင်း တူသောကြောင့် အမြတ်ချည်း ဖြင့်၏၊ ] ဤကား ဘုရား တရား သံဃာတို့၏ ရတနာစဉ် ဖြစ်၍ မြင့်မြတ်ပုံတည်း။

အဋ္ဌကထာ ဆရာတို့ကား ဆိုလတ္တံ့ ဂါထာကိုထင်စွာ ဆိုကုန်၏၊—

ဝိပ္ဖါရိကတံ မဟဂ္ဃဉ္စ,
အတုလံ ဒုလ္လဘ ဒဿနံ၊
အနောမ-သတ္တ-ပရိဘောဂံ,
ရတနံ တေန ဝုစ္စတိ။

ဝိပ္ဖါရိကတံ=ရှိသေ ကိုင်းရှိုင်းခြင်းကို ပြုအပ်၏, ဥမိတို့ ပကတိစိတ် ကဲ့သို့ ပြုလုပ်အပ်၏, ဆန်းပြားသော တောင့်တဖွယ်ကောင်းသော အကျိုးကို ဖြစ်စေ၏၊ မဟဂ္ဃံ=အဖိုးမြောက်မြားစွာ ထိုက်တန်၏, မြတ်သော ကောင်းကျိုးကိုရစေ၏, မြောက်မြားသော အကုသိုလ်ကို သတ်ပယ်၏၊ အတုလံ= အတုမဲ့၏,အတုမဲ့ အကျိုးကို ဖြစ်စေ၏, မချိန်စက်နိုင်သော

ဂုဏ်သိရ် ရှိ၍, မချိန်စက်နိုင်သော ကောင်းကျိုးကို ဖြစ်စေ၏၊ ဒုလ္လဘ- ဒသာနံ= တွေ့မြင် ရှုကြည့်ရန်ပင် ရခဲ၏, ကိုယ်တွေ့ ဒိဋ္ဌ မျက်မှောက် ပြုရရန် ခဲခက်၏၊ အနောမ- သတ္တ-ပရိဘောဂံ=မယုတ်ညံ့သော သူမွန် သူမြတ်တို့ သာ သုံးဆောင် ထိုက်၏, ယုတ်ညံ့သူ လူနံ့ လူဖျင်းတို့ မသုံး ဆောင်ထိုက်၊ တေန=ထိုသို့သော အကြောင်းများကြောင့် ရတနံ= ရတနာဟူ၊ ဝုစ္စတိ= ဆိုအပ်၏ ဆိုထိုက်၏, ဆို သင့်၏, ဆိုနိုင်၏, ဆိုရ၏, ဆိုခွင့်ရှိ၏၊ [ ၎င်း အသီးသီး အကျယ်ကို သရဏာဂ်တ- နယူပဒေသ **သရဏာဂုံနှင့် ကိုး ကွယ်ထိုးကျမ်း** ၌ ကြည့်ပါလေ၊ ] ယင်းသို့ အားဖြင့် ဘုရား တရား သံဃာ ဟူသော ရတနာတို့၏ မြင့်မြတ်ပုံ ကြေးတန် ပုံမှာထင်စွာဖြစ်၏, ထို့ကြောင့် 'တိလောက-ဒုက္ခ-တိရဏံ= လောက ၃ပါး ဆင်းရဲကို လွန်မြောက်စေနိုင်စွာသော' ဟု ဆိုလေသည်။

ယင်းသို့လျှင် လောက ၃ ပါးတွင် ရှိရှိသမျှ ရွှေ ငွေ စိန် ကျောက် မြားမြောက်သော ရတနာ တို့ထက် အဆ များစွာ သာလွန် မြင့်မြတ်၍, ထိုသို့သော လောကီရတနာတို့၏ မြောက်မြားစွာ ရရောက်ကြောင်း စင်စစ် ဖြစ်လျှက် လော က ၃ ပါးတွင် ထင်ရှားစွာ ဖြစ်ရှိတွေ့ကြုံမ်ကြရသည့်ဘေး ဒုက္ခတို့မှ လည်း မုချ လွန်မြောက် စေနိုင်သည့် ဘုရား တရား သံဃာ ဟူသော ရတနာတို့၏ ဂုဏ်တော်များကို ဗုဒ္ဓဘာသာဝင် လူရှင်တို့ သိသင့်သိခွင့်ရှိကြသည့် အတိုင်း သိထိုက်သမျှ သိမြင် နားလည်ကြသဖြင့် မိမိတို့ ဗုဒ္ဓဘာ သာဝင် ဘဝကို နစ်သက် ကြေနပ် ကြစေရန် အလို့ ၄ါ

စာကြည့်ရှုကြသူ မိုသ်လူ အပေါင်းတို့၏ ကောင်းလှပေ၏, မွန်လှပေ၏,— 'ဤကျမ်းစာက ညွှန်ပြ ထိန်လက် လင်းစေချက်ကြောင့် ငါတို့မှာ ဗုဒ္ဓ ဓမ္မ သံဃာ ရတနာတို့၏ အဆများစွာကြေးတန်ပုံကို ကိုယ်ကြုံ ဒိဋ္ဌ သိကြရသဖြင့် လူဖြစ်ရကျိုးနပ်ပေစွ တကား' ဟု အားရ ပါးရ ရွှင်ပျကြည်လင်သော ယုံကြည်ရေး သဒ္ဒါတရားကို တကယ်တန်း တိုးပွါးစေနိုင်လောက်သည့် ရတနာ ၃ ပုံ ဂုဏ်တော်နည်းညွှန်မည်သော **ဂုဏ်တော်နှင့် သုံးစွဲထုံးကျမ်းကို** စီစဉ် ရေးသားအပ်သတည်း။

---

အရှင်အာဒိစ္စဝံသ
မြန်မာပြန်ဆိုရေးသားအပ်သော
ဗုဒ္ဓပါဒ-မြန်မာပိဋကတော်

မဇ္ဈိမနိကာယ်

**မူလပဏ္ဏာသက** သုတ်ပေါင်း ၅၀

စက္ကူ ဈေး ၈-ကျပ်။ အကြမ်း ၅-ကျပ်

အရင်းရင်း စာအုပ်ဆိုင်တိုင်းမှာ မေးဝယ်ပါ။

ငွေလွှင် အောက်ပါ ဌာနသို့ မှာပါ။

ဝိဇယစာအုပ်တိုက်၊ အမှတ် ၁၂၆ - မိုလ်ချုပ်လမ်း။ ရန်ကုန်မြို့။

## ၂။ ဘုရားဂုဏ်တော်ပါဠိ

ဣတိပိ သော ဘဂဝါ- အရဟံ သမ္မာသမ္ဗုဒ္ဓေါ ဝိဇ္ဇာ-စရဏ-သမ္ပန္နော သုဂတော လောကဝိဒူ အနုတ္တရော ပုရိသ-ဒမ္မ-သာရထိ သတ္ထာ ဒေဝ မနုဿာနံ ဗုဒ္ဓေါ ဘဂဝါ ဣတိ ဣမေဟိ ဂုဏေဟိ * **သမန္နာဂတံ** တထာဂတံ သိရသာ အဟံ ဝန္ဒာမိ။

## ဘုရားဂုဏ်တော် အနက်

ဣတိပိ=ဤသို့ ဤသို့သောအကြောင်းကြောင့် လည်း၊ သောဘဂဝါ=ထို ပုညတော်ကြီး သခင် ဘုရားရှင် သည်၊ ၁-အရဟံ=(၁) ပူဇော် အထူးထူးကို ခံယူတော် မူထိုက်၏၊ (၂) သံသရာ ခရီး အကန့်ကို ဖျက်ဆီးတော်မူ ၏၊ (၃) ကိလေသာ ရန်သူကို **သတ်ပုတ်** ဖျက်ဆီးတော်မူ၏၊ (၄) မကောင်းမှု ဒုစ္စရိုက်ကို အလျင်း ပယ်တော်မူ၏၊ ၂-သမ္မာ သမ္ဗုဒ္ဓေါ=(၅) ဖြောင့်မှန်စွာ ကိုယ်တော်တိုင် တရား အားလုံးကို သိမြင်တော် မူ၏၊ ၃-ဝိဇ္ဇာ-စရဏ-သမ္ပန္နော=(၆) အတုမဲ့သော ဉာဏ် ပညာတော် အကျင့် သီလတော်နှင့် ပြည့်စုံတော်မူ၏၊ ၄- သုဂတော= (၇) ကောင်းမွန် မှန်ကန်သော နိဗ္ဗာန် လမ်းခရီးသို့ရောက်တော်

---

* သမန္တာဂတံ' ဟု ချည်း မှားတတ်၏၊ သံ အနု အာ ဂတ ပုဒ်ရင်း, သမန္နာဂတံ' သမနာဂတံ ဤ ၂ ချက် ရုပ်ပြီးနိုင်၏၊ နည်းမှန်ရှိလျက် အလိုစာရေး လက်ကို ဓမ္မစက် မမှတ်ရ။

ဝိဇယ- ၃။

မှု၏၊ (၈) ကောင်းမွန် မှန်ကန်သော နိဗ္ဗာန် ခရီးလမ်းညွှန် တရားကို ဟောကြားတော် မူ၏၊ ၅- လောကဝိဒူ= (၉) သင်္ခါရလောက၊ သတ္တဝါလောက၊ ဩကာသလောကဟူသော လောကသုံးပါးကို အကြွင်းမဲ့ သိတော်မူ၏။ (ထို့ပြင် ဤကောင်းကင်အောက်တွင် ရှိကြသော) သတ္တဝါတို့နေထိုင်ရာ လောကကိုဇင်း,(၁၀)လောကနေသူ သတ္တဝါ အထူးထူးကို ဇင်း, (၁၁) ထိုထို ဘုံလောကသို့ ရရောက်ကြောင်း အကျင့် တရားကိုဇင်း,(၁၂)ထိုထို လောကမှ လွတ်မြောက်ကြောင်း တရားကို ဇင်း, (၁၃) ထိုထို လောကသူတို့၏ အလို အဇ္ဈာသယကိုဇင်း, ခွဲခြား သိမြင် တော်မူ၏၊ ၆- အနုတ္တရော= (၁၄) သီလ သမာဓိ ပညာ ဂုဏ်အားဖြင့် အတုမဲ့ မြင့်မြတ်တော်မူ၏၊ ၇-ပုရိသ-ဒမ္မ သရထိ=(၁၅) ဆုံးမ ထိုက်သူကို ရွေးခြယ်၍ ဆုံးမတော် မူ၏၊ ၈-ဒေဝမနုဿာနံ=နတ်နှင့် လူတို့၏၊ (၁၆)သတ္ထာ= ဆုံးမ ဩဝါဒဆရာ ဖြစ်တော်မူ၏၊ ၉-ဗုဒ္ဓေါ=(၁၇)ကိုယ် တော် အလား သတ္တဝါ အများအားလည်း အမှန် တရား ကို သိစေတော်မူ၏၊ ၁၀- ဘဂဝါ=(၁၈) အသရေဘျင် ပုဉ်းတော်သခင် ဖြစ်တော်မူ၏၊ ဣတိ ဣမေဟိ ဂုဏေဟိ= ဤသို့သော ဂုဏ်တော်တို့နှင့်၊ သမန္နာဂတံ=ပြည့်စုံတော်မူ သော၊ တထာဂတံ=လမ်းမှန်ရောက် သခင် ဘုရားရှင်ကို၊ သိရသာ=ဦးထိပ်ဖြင့်၊အဟံ=အကျွန်ုပ်သည်၊ဝန္ဒာမိ=ဂုဏ် တော်နှစ်ကို စင်စစ် မြတ်နိုး ကြည်ညိုကိုး၍ ရှိခိုးပါ၏, ဘုရား။

# ဘုရားဂုဏ်တော် အဓိပ္ပါယ် အကျဉ်း

ဤဆိုခဲ့ပြီး ဂုဏ်တော်များတွင်၊ အရဟံ ဂုဏ်တော်သည် အကျိုး ဂုဏ်တော် တည်း၊ သမ္မာသမ္ဗုဒ္ဓ စသော အခြားဂုဏ်တော်တို့ကား ၎င်း၏ အကြောင်းဂုဏ်တော်တို့တည်း၊—ဘုရားရှင်သည် အပူဇော် အထူးထူးကို ခံတော်မူထိုက်၏၊ အကြောင်းကား မှန်ကန်စွာ တရားအားလုံးကို ကိုယ်တော်တိုင် သိတော်မူသောကြောင့်၊ အတုမဲ့ ဉာဏ် ပညာတော် အကျင့် သီလတော် ရှိကော် မူသောကြောင့်၊ မှန်ကန်သောနိဗ္ဗာန် လမ်းခရီးသို့ ရောက်တော်မူသောကြောင့်၊ မှန်ကန်သောနိဗ္ဗာန် ခရီးလမ်းညွှန်တရားကို ဟောတော်မူသောကြောင့်၊ လောကကို၊ လောကနေသူကို၊ လောကဖြစ်ကြောင်းတရားကို၊ လောကမှလွတ်ကြောင်း တရားကို၊ လောကသူတို့ အလိုဆန္ဒကို သိတော်မူသောကြောင့်၊ သီလ သမာဓိ ပညာ စသောဂုဏ်အားဖြင့် အတုမဲ့ မြင့်မြတ်သောကြောင့်၊ ဆုံးမထိုက်သူကို ရွေးခြယ်၍ ဆုံးမသောကြောင့်၊ ကိုယ်တော့် အလား သတ္တဝါများကို တရားမှန် သိစေတော် မူသောကြောင့်၊ အသရေရှင် ဘုန်းတော်သခင် ဖြစ်သောကြောင့် တည်း၊—ဤသို့ အရဟံ ဂုဏ်တော်သည် ကြွင်းဂုဏ်တော် အားလုံးတို့၏ အကျိုးဂုဏ်တော် ဖြစ်၍၊ အခြားဂုဏ်တော်တို့ကား ၎င်း၏ အကြောင်း ဂုဏ်တော်ဖြစ်ကုန်၏။

ထိုမှ တပါးလည်း—ဘုရားရှင်သည် သံသရာ ခရီး အကန့်ကို ဖျက်ဆီးတော်မူ၏၊ အကြောင်းကား မှန်ကန်စွာ တရားအားလုံးကို ကိုယ်တော်တိုင် သိတော်မူသောကြောင့်

စသည်ကိုရင်း, ဘုရားရှင်သည် ကိလေသာရန်သူကိုသတ် ပုတ် ဖျက်ဆီးတော်မူသည့်, အကြောင်းကား မှန်ကန်စွာ တရား အားလုံးကို ကိုယ်တော်တိုင် သိတော် မူသော ကြောင့်–စသည်ကိုရင်း, ဘုရားရှင်သည် မကောင်းမှု ၃၄ ရိုတ်ကို အလျင်း ပယ်တော် မူသည့်, အကြောင်းကား တရား အားလုံးကို မှန်ကန်စွာ ကိုယ်တော်တိုင် သိတော်မူ သောကြောင့်–စသည်ကိုရင်း သိအပ်၏၊ ထို့အတူ သမ္မာ သမ္ဗုဒ္ဓဂုဏ်တော်သည်အကျိုး, ဝိဇ္ဇာ-စရဏ-သမ္ပန္န စသည် တို့သည် အကြောင်း, ဤသို့ စသည်ကိုလည်း ဝေဖန်ဖွယ် ရှိသေး၏၊ဤဆိုလတ်အံ့သည်ကား အချုပ်သိဖွယ်တည်း၊– ဘုရား သခင်သည် အပူဇော် အထူးထူးကို ခံတော်မူထိုက် ၏, အကြောင်းကား ကိုယ်တော်တိုင် တရား အားလုံးကို မှန်ကန်စွာ သိတော် မူသောကြောင့် တည်း၊ ဘုရား သခင် သည် ကိုယ်တော်တိုင် တရား အားလုံးကို မှန်ကန်စွာ သိ တော်မူ၏, အကြောင်းကား အတုမဲ့သော ဉာဏ် ပညာ တော် အကျင့်သီလတော်နှင့် ပြည့်စုံသောကြောင့်တည်း။

ဘုရား သခင်သည် အတုမဲ့ ဉာဏ်ပညာတော်အကျင့် သီလတော်နှင့် ပြည့်စုံတော်မူ၏, အကြောင်းကား ကောင်း မွန် မှန်ကန်သော နိဗ္ဗာန်လမ်းခရီးကို သိတော်မူ, ရောက် တော်မူ, ခရီးညွှန် တရားကို ဟောတော် မူသော ကြောင့် တည်း၊ဘုရားသခင်သည် ကောင်းမွန် မှန်ကန်သော နိဗ္ဗာန် လမ်းခရီးကို သိတော်မူ,ရောက်တော်မူ,ခရီးညွှန်တရားကို ဟောကြားတော်မူ၏, အကြောင်းကား လူနတ်တို့ နေရာ လောကဓါတ်ကို လောက နေသူကို, လောကဓါတ်သို့

ရောက်ကြောင်း တရားကို, လောကဓါတ်မှ လွတ်ကြောင်း တရားကို, လောကသူတို့ အလို အဇ္ဈာသယကို သိတော်မူသောကြောင့်တည်း၊ ဘုရား သခင်သည် လူနတ်တို့ နေရာ လောကကို, လောက နေသူကို, ၎င်းသို့ ရရောက်ကြောင်း, ၎င်းမှ လွတ်မြောက်ရကြောင်း တရားကို, လောကသားတို့ အလို အဇ္ဈာသယကို သိတော်မူ၍, အကြောင်းကား သီလ သမာဓိ ပညာ စသော ဂုဏ်အားဖြင့် အတုမဲ့ မြင့်မြတ်သောကြောင့်တည်း၊ ဘုရား သခင်သည် သီလ သမာဓိ ပညာ စသော ဂုဏ်အားဖြင့် အတုမဲ့ မြင့်မြတ်တော်မူ၍, အကြောင်းကား ဆုံးမ ထိုက်သူကို ရွေးခြယ် ဆုံးမနိုင်သောကြောင့်တည်း၊ ဘုရား သခင်သည် ဆုံးမထိုက်သူကို ရွေးခြယ်၍, ဆုံးမတော်မူနိုင်၍, အကြောင်းကား နတ် လူတို့၏, ဆုံးမသြဝါဒ သခင် ဖြစ်သောကြောင့်တည်း၊ ဘုရား သခင်သည် နတ် လူတို့၏, ဆုံးမ သြဝါဒ သခင် ဖြစ်တော်မူ၍, အကြောင်းကား ကိုယ်တော်, အလား သဏ္ဍာဝါ များအား လည်း တရားမှန် သိစေသောကြောင့်တည်း၊ ဘုရား သခင်သည် ကိုယ်တော်, အလား သဏ္ဍာဝါများအား တရားမှန် သိစေတော်မူ၍, အကြောင်းကား အသရေချင် **ပုဦးကမ်တော် သခင်** ဖြစ်သောကြောင့်တည်း။

## လုပ်ဆိုးနှင့် အကျိုး

ဤ ဂုဏ်တော်များ အတိုင်း ပါဠိ အနက်ကို နှုတ်ရေ လေ့လာ၍, ရှိခိုးသော်, အကြိမ်ကြိမ် ရှိခိုးသော်, စိတ်တွင်း၌ ထား၍, စဉ်းစားသော် ပွါးများသော်, အကြိမ်ကြိမ်

စိတ်ထား ပွါးများသော်, ဘုရားအပေါ်၌ ကြည်ညို လေးစားခြင်း များ၍ စိတ်ထား ကြည်လင် သဖြင့် မိမိ၏ စိတ်သန္တာန်၌ လောဘ=တဏှာမက်ခြင်း, အတိလောဘ=အလွန်တဏှာစွဲခြင်း, ဒေါသ=ပြစ်မှားခြင်း, ကောဓ=အမျက်ထွက်ခြင်း, အတိကောဓ=အလွန်အမင်း အမျက် ထွက်ခြင်း, ဥပနာဟ=ရန်ငြိုး ဖွဲ့ခြင်း, ပလာသ=ဂုဏ်တု ဂုဏ်ပြိုင် ပြုခြင်း, မက္ခ=ကျေးဇူးဂုဏ်သိရ် ချေဖျက်ခြင်း, မာန=ထောင်လွှား တက်ကြွခြင်း, အတိမာန=အလွန် မြင့်မောက်အထက်ရောက်ခြင်း, ဣဿာ= ငြူစူခြင်း, မစ္ဆေရ= ဝန်တိုခြင်း, ထိနမိဒ္ဓ= ပျင်းရိငိုက်မြည်းခြင်း, ကုက္ကုစ္စ=အလို့လို့ဖြစ်ခြင်း, ဝိစိကိစ္ဆာ=ယုံမှားခြင်း, အဘိဇ္ဈာ=သူ့စည်းစိမ်ကို ကိုယ်ပိုင်ကြံစည်ခြင်း ဗျာပါဒ=သူ့ကို ပျက်စီးရန် ကြံစည်ခြင်း—စသော အကုသိုလ် အညစ် အကြေး တရားယုတ် တို့မှ ကင်းလွတ်လေသည်။

ဤသို့သော အကုသိုလ် အညစ် အကြေး တရားယုတ် တို့မှ စင်ကြယ်ခဲ့လျှင်, ထိုသူ၏ စိတ်သည်, အလောဘ= မတဏှာမက်ခြင်း, အဒေါသ= မပြစ်မှားခြင်း စသောတရားကောင်းများ၌ တည်နေလေသည်၊အထူးအားဖြင့် မေတ္တာ= သူ၏ အပေါ်၌ ကိုယ်ချင်း စာတတ်ခြင်း, အကျိုး စီးပွါး လိုလားခြင်း, ကရုဏာ ကြင်နာ သနားခြင်း, သူ၏ ဆင်းရဲကို ပယ်လိုခြင်း. ကူညီ ရှိုင်းပင်းလိုခြင်း, စွမ်းနိုင်သမျှ ကူညီရှိုင်းပင်းခြင်း, မုဒိတာ=သူတပါး ကြည်သာ ရွှင်ပျ ရှိသည်ကို ဝမ်းမြောက်ခြင်း, **နှစ်သက်ခြင်း**, မသရော် မပြောင်လှောင်ခြင်း, ဂုဏ်တု ဂုဏ်ပြိုင် မပြုလုပ်ခြင်း, ဥပေက္ခာ=

ဆိုခဲ့ပြီး တရားကောင်း စိတ်ကောင်း နှစ်လုံး ကောင်းများ ထားခွင့် မရှိရာ၌ လျစ်လျူ ရှုခြင်း, 'သတ္တဝါတို့မှာ ကိုယ် ပြုသလို ကိုယ် ခံစားရသည်, သူတပါးက ပြုပြင်တိုင်း မဖြစ်, ကိုယ့်အလိုနှင့် ကိုယ့်အလုပ် အလိုက် သာ ကောင်း ကျိုး ဆိုးဖြစ် ရနိုင်သည်ဟု ဆင်းရဲ၌ မဝင်မပါ, မစွက် မဖက် လျစ်လျူ ရှုနိုင်ခြင်း,အေးမြ ချမ်းမြေ့ခြင်း ဟူသော စိတ်ထားကောင်း တရားကောင်းများ ဖြစ်ပွါးလေသည်။

## ဘုရားဂုဏ် သုံးစွဲထုံး

ပ ညာရှိတို့ကား အရဟံ ဂုဏ်တော်ကို လာဘ် ဥစ္စာ လိုလား တောင့်တ၍ ရွတ်ဖတ်ကုန်၏, လာဘ် ပစ္စည်း ရရှိ လိုသော အခါ ၎င်းအကျိုး၌ အရဟံ ဂုဏ်တော်ကို သုံးစွဲ ကြကုန်၏, သရဇ္ဈာယ် ကြကုန်၏၊ ၎င်းကို ပင် တရား တ ပေါင် တွေ့ရာတွင် အမှန်အတိုင်း မိမိ အနိုင်ရရန် ရွတ်ဆို ကုန်၏၊ ၎င်းကို အနာရောဂါမှ ကင်းလွတ်ရန် ရွတ်ဖတ်ကုန် ၏၊ [ သွေး ဒူလာရောဂါကို အလွန်နိုင်သော ဟူ၏၊ ] ၎င်းကို ပင် ရန်း ပယောဂ သရဲ သဖက်ဘေး, အပင်းသွင်းအဆိပ် ခတ် စသော ဘေး, အန္တရာယ် အဖွဲ့ ဘေးမှ ကာကွယ်ရန် လွတ်မြောက်ရန် သရဇ္ဈာယ်ကုန်၏၊[အနက် အစဉ်အတိုင်း ကြည့်၍မှတ်၊] သမ္မာသမ္ဗုဒ္ဓဂုဏ်တော်ကို တစုံတခု အထူး သိမြင်လိုရာ၌ သရဇ္ဈာယ်ကုန်၏၊ [၎င်းကို သရဇ္ဈာယ်ခြင်း ဖြင့် ဥစ္စာ ပစ္စည်း ပျောက်ပျက်သည်ကို ပြန်လည် သိရှိ- ရရောက်စေနိုင်၏ဟု ဆိုကုန်၏၊ ] ဝိဇ္ဇာ-စရဏ-သမ္ပန္န ဂုဏ် တော်ကို သူတပါးတို့ထက် ဉာဏ်ပညာ အကျင့် သီလ အားဖြင့် ထင်ရှား စေလိုသော အခါ, သို့မဟုတ် မိမိ၏,

ဉာဏ် ပညာနှင့် အကျင့် အာစာရကောင်းများ အထူးပေါ်လွင်စေလိုသော အခါ၊ သရဇ္ဈာယ်ကုန်၏၊ သုဂတ ဂုဏ်တော်ကို လုပ်လမ်း ကိုင်လမ်း အကြောင်းအခွင့် မသင့်၊ အကြံ အစည် ချွတ်ချော် တိမ်းယိမ်း ရှိနေသော အခါ၊ သို့မဟုတ် တပါးသူတို့ လမ်းလွဲ စည်းပျက် လိုက်မှားနေသည်ကို အမှန်အတိုင်း ညွှန်ပြ လိုက်နာစေလိုသော အခါ၊ သို့မဟုတ် မိမိ စကားကို ဩဇာ လေးနက် စေလိုသော အခါ သရဇ္ဈာယ်ကုန်၏။

လောက-ဝိဒူ ဂုဏ်တော်ကိုလည်း သုဂတ ဂုဏ်တော် အတိုင်းပင် သုံးစွဲကုန်၏၊ အထူးကား လူတဦးတယောက်၏ သို့ မဟုတ် များစွာသော သူတို့၏ အလို အဇ္ဈာသယ စိတ်နေ စိတ်ထားရှိပြီး ရှိဆဲကို သိလိုသော် ဤလောကဝိဒူ ဂုဏ်တော်ကို သရဇ္ဈာယ်ကုန်၏၊ အနုတ္တရ ဂုဏ်တော်ကို အရာရာတွင် သူ့ထက်ကဲဖြစ်လိုသော အခါ ရွတ်ဖတ်ကုန်၏၊ ပုရိသ-ဒမ္မ-သာရထိ ဂုဏ်တော်ကို သားသမီးတပည့် တပန်း ကျေးကျွန် လက်အောက်ခံတို့ကို ဆုံးမ ကျိုးနွံစေလိုသော်၊ သို့မဟုတ် မည်သူ့အား မည်သို့ ဆုံးမပဲ့ပြင်ရမည် ဟု သိမြင်လိုသော် သရဇ္ဈာယ်ကုန်၏၊ သတ္ထာဂုဏ်တော်ကို အားလုံးသော သူတို့အား မိမိ အလိုသို့ လိုက်စေလိုသောအခါ၊ သို့မဟုတ် တစုတဝေးတည်း နေသူ အများ မိမိ အလိုကို လိုက်စေလိုသော အခါ ရွတ်ဖတ်ကုန်၏၊ ဗုဒ္ဓဂုဏ်တော်ကို မိမိ သဘောမှန် အတိုင်း သိစေ လိုရာတွင် သို့မဟုတ် မိမိ လိုအပ်သည်ကို အမှန်အတိုင်း သိစေလိုရာတွင် သရဇ္ဈာယ် ကုန်၏၊ ဘဂဝါ ဂုဏ်တော်ကို မိမိ၏

ကြက်သရေမင်္ဂလာ ရှိစေလိုရာ, သို့မဟုတ် မိမိပြောဆိုလုပ်ကိုင်သော ကိစ္စ ပြီးစီး ထမြောက်စေလိုရာတွင် သရ[illegible]ာယ်ကုန်၏ ....ဤသို့ ညွှန်ပြပြီး အလိုအကျုင်း သုံးစွဲခြင်းမှာ လောကီ အင်းအိုင် မန္တန်များကို သုံးစွဲခြင်းထက် များစွာ မှန်ကန် ကောင်းမွန်သောကြောင့် ဇောန် ပြီးစီးခွင့် ရှိသည်ဟု သိသင့်၏၊ သို့ရာတွင် ရန်ပြုရန် သူပျက်စီးရန် မရွတ်ရ, ရွတ်စေကာ, မကောင်းသော အလိုဆန္ဒ မပြီး, ရွတ်သူမှာ ဘေး ရောက်တတ်၏။

## ဂုဏ်တော်များ၏ ခြားနားချက်

ဤနေရာ၌ **သမ္မာသမ္ဗုဒ္ဓ** နှင့် **ဗုဒ္ဓ** ဂုဏ်တော်တို့ အချင်းချင်း မည်သို့ ထူးသနည်း?၊ **ပုရိသ-ဒမ္မ-သာရထိ** ဂုဏ်တော်နှင့် **သတ္ထာ ဒေဝ မနုဿာနံ** ဂုဏ်တော်တို့ အချင်းချင်း မည်သို့ ထူးသနည်း?-ဟု အမေးထုတ်အပ်၏၊ **သမ္မာသမ္ဗုဒ္ဓ** ဂုဏ်တော်ကား **အရဟံ** ဟူသော ဂုဏ်တော်၏ အကြောင်းပြ ဖြစ်၏၊ အဓိပ္ပါယ်ကား-အဘယ့်ကြောင့် ဘုရားရှင်သည် ပူဇော် ခံထိုက်သနည်း?၊ တရားတော် အားလုံးကို ကိုယ်တော်တိုင် မှန်ကန်စွာ သိသောကြောင့် ထိုသို့သော အပူဇော်ကို ခံထိုက်၏၊ ထိုသို့ သိသောကြောင့် ကိလေသာ အားလုံးကို သတ်ဖြတ် ကင်းစင်တော်မူ၏, သံသရာ သွားလာ ကျင်လည်ခြင်း ကင်းလွတ်တော်မူ၏, အပြစ် ဒုစ္စရိုက် အားလုံးမှ ကင်းလွတ်တော်မူ၏၊—ဤသို့ ဆိုလို၏၊ အမှန်ကား-**သမ္မာသမ္ဗုဒ္ဓ** ပုဒ်၌ **သမ္မာ**ဖြင့် **ဗုဒ္ဓ** ပုဒ် အရ တရားအားလုံးကို အမှန် အတိုင်း သိသည်ကို ဆို၏၊ **သံ** သဒ္ဒါဖြင့်

အခြားသူတို့ ညွှန်ပြ သိမြင်ချက် မဟုတ်, **စင်စစ်ကား** ကိုယ်တော်တိုင်ပင် သိတော်မူသည်ကို ဆို၏၊ ထို့ကြောင့် ၎င်းသည် ကိုယ်တိုင် တရားမှန်ကို သိမြင်တော်မူကြောင်း ကို ဆို၏၊ သူတပါးအား တရားတစုံတရာကို မှန်ကန်စွာ သိ စေတတ်သည်ကို မဆိုလို၊ သို့ရာတွင် **သူ**တပါးအား တရား မှန် သိစေနိုင်သော သတ္တိ စွမ်းပကား ရှိသည်ကိုကား ရချ ပြဆို၏၊ **ဗုဒ္ဓ**ဂုဏ်တော်ကား ထိုသို့**အား**ဖြင့် တရားအားလုံး ကို မှန်ကန်စွာ ကိုယ်တိုင် သိသည့် အတိုင်း ကိုယ်တော်မှ တပါး အခြားသူတို့ ကိုလည်း တရားတော် မှန် သိစေ ကြောင်း, သိမြင်အောင် ဟောညွှန် နည်းပြကြောင်း ပြဆို လေသည်၊ **သမ္မာသမ္ဗုဒ္ဓ**ကား ကိုယ်တိုင် မှန်ကန်စွာ သိ သည်ကို ဆို၏၊ **ဗုဒ္ဓ** ကား သူတပါးအား သိစေသည်ကို ဆို၏၊—ဟု အထူး ဆိုလိုသတည်း။

**ပုရိသ ဒမ္မ သာရထိ** ဂုဏ်တော်ကား **အနုတ္တရော**=အတုမဲ့ မြင့်မြတ်တော်မူသည် ဆိုသော ဂုဏ်၏ အကြောင်းကို ပြ၏၊ ဆိုလိုရင်းကား- ဘုရားရှင်၏ အတုမဲ့ မြင့်မြတ်ရ ကြောင်းမှာ **ပုရိသ-ဒမ္မ သာရထိ**= ဆုံးမထိုက်သူကို ဆုံးမ တော်မူသည့် ယဉ်ကျေး စေထိုက်သူကို ယဉ်ကျေးစေ တော်မူသည်, ထိုသို့အားဖြင့် အတုမဲ့ မြင့်မြတ်သည်ကို ဆိုလို၏၊ ဤလောက၌ ဆုံးမထိုက်သူကို မသိသောကြောင့် မဆုံးမသဖြင့် မယဉ်ကျေးရသူ အများအပြား ရှိ၏၊ ဘုရား ရှင်ကား ထိုသို့ မဟုတ်, ဆုံးမထိုက်သူ မှန်သမျှကို ပင် ဆုံးမတော်မူ၏, ယဉ်ကျေးစေ၏၊ ဤကား **ပုရိသ-ဒမ္မ-သာရ ထိ** ဂုဏ်တော်၏ သဘော အဓိပ္ပါယ်တည်း၊ ဤသည့်

သတ္တိကြောင့်, ဤသို့သော ဆုံးမထိုက်သူကို မလစ် မလပ် ဆုံးမတော်မူနိုင်ရကား **သတ္ထာဒေဝ-မနုဿာနံ** ဂုဏ်တော်ကို ရလေသည်၊အဓိပ္ပါယ်ကား-ဘုရားရှင်သည် လောကဌ် ဆုံးမ ထိုက်သူကို မလစ် မလပ် ဆုံးမတော် မူနိုင်သော ကြောင့် နတ်ရော လူပါ သတ္တဝါ အားလုံးတို့၏ အဆုံးအမ ဩဝါဒပေး ဆရာကြီးဖြစ်သည်ဟု ဆိုလို၏၊ ဤခေတ်လော ကဌ် B.A, M.A. စသော ဂုဏ်ထူးဆောင်ဘွဲ့ နာမည်များ ရှိကြ၏၊ ၎င်းတို့ကား ကျောင်းသင် အတန်းအလိုက် ပေး သော ဘွဲ့မည်များ သာ ဖြစ်ကုန်၏၊ ဆရာဂုဏ် မြောက် ပြည့်နိုင်သည့် အစွမ်း သတ္တိ မထင် ရှားသေး, စင်စစ် ကား ဆရာ ပြုလုပ်နိုင်သင့်ပြီဟု ခန့်မှန်းချက်နှင့် ရသော ဘွဲ့မည်များသာ ဖြစ်ကြ၏။

ဘုရားရှင်ကား ဤသို့မဟုတ်, ဆုံးမ ထိုက်သူ မှန်သမျှ ကို မလစ်မလပ်စေမူ၍ ဆုံးမ ယဉ်ကျေးစေနိုင်သည့် လက် တွေ့ စွမ်းပကားကြောင့် သာ **သတ္ထာ- ဒေဝ- မနုဿာနံ=** လူနတ်တို့၏ အဆုံးအမ ဩဝါဒက ဆရာကြီး တဦး ဖြစ် လေသည်၊ ထို့ကြောင့် **ပုရိသ ဒမ္မ သာရထိ** ဂုဏ်တော်ကား အကြောင်း, **သတ္ထာ- ဒေဝ မနုဿာနံ** ဂုဏ်တော်ကား အကျိုး ဖြစ်လေသည်၊ တနည်း- **ပုရိသ- ဒမ္မ- သာရထိ** ဂုဏ် တော်ကား သတ္တိ စွမ်းပကားတည်း၊ **သတ္ထာ ဒေဝ-မနုဿာနံ** ဂုဏ်တော်ကား သတ္တိမန် အစွမ်းရှိတည်း၊ဥပမာ လောကဌ် ဆေးဆရာ ဟူ သကဲ့သို့ တည်း၊ ဆေးဆရာ ဟူသည် အဘယ်သို့သော အစွမ်း သတ္တိ ရှိသူနည်း?၊ ၎င်း၏ သတ္တိ စွမ်းပကားကား အဘယ်နည်း?၊အနာရောဂါ ရှိသူတို့အား

ပကတိ ကျန်းမာအောင် ဆေးဝါး ကုသနိုင်သည့် သတ္တိ စွမ်းပကား ရှိ၏၊ ဤဥပမာ၌ ဆေးဆရာနှင့် **သတ္ထာ ဒေဝ-မနုဿာနံ** ဂုဏ် တူ၏၊ ရောဂါ ပျောက်ငြိမ်းရေး ဆေးဝါး ကုသနိုင်သော သတ္တိ စွမ်းပကားနှင့် **ပုရိသ- ဒမ္မ- သာရထိ** ဂုဏ်တူ၏၊ ဤသို့အားဖြင့် **ဂုဏ်တော်** အသီးသီးတို့၏ အထူးကို သိမှတ်ရာသတည်း၊

**မှတ်ချက်။** ။ဤမျှဖြင့် ဘုရား ဂုဏ်တော် လိုရင်း အကျဉ်းပြချက် ဖြစ်၏၊ အကျယ် အားဖြင့် ဂုဏ်တော် တခု တခု၏ မှတ်ကြောင်း အဓိပ္ပါယ်များ, ဆိုင်ရာ ဝိဇ္ဇာမျိုး, စရဏမျိုး, ဝေသာရဇ္ဇဉာဏ်, ဒသဗလဉာဏ်, လက္ခဏာတော်ကြီး ၃၂, အသီတိ အနုဗျဉ္ဇန, မဟာကရုဏာဉာဏ်, သဗ္ဗညုတဉာဏ် စသည် ဂုဏ်ပြစကား များစွာ ခြွင်းချန် ထားခဲ့၏။— သို့သော် ကြည်ညိုနိုင်ရန် သိအပ် သည့် မုချ အချက်ကား ဤမျှဖြစ်၍ ထားခဲ့၏။

## ၃ တရား ဂုဏ်တော်ပါဠိ

သွာက္ခာတော ဘဂဝတာ ဓမ္မော- သန္ဒိဋ္ဌိကော အ-ကာလိကော ဧဟိ ပဿိကော ဩပနေယျိကော ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ, ဣတိ ဣမေဟိ ဂုဏေဟိ သမန္နာဂတံ ဓမ္မံ သိရသာ အဟံ ဝန္ဒာမိ။

## တရားဂုဏ်တော် အနက်

ဘဂ-ဝတာ= ပုည်းတော်ကြီး ဘုရားသည်၊ သွာက္ခာတော= ကောင်းစွာ ညွှန်ပြ ဟောကြား အပ်သော၊ ဓမ္မော= တရားတော်သည်၊ ၁- သန္ဒိဋ္ဌိကော=(၁) မျက်မှောက် ကောင်းကျိုးကို ဖြစ်စေ၏၊ (၂) ကိုယ်တိုင် ကိုယ်တွေ့

ကောင်းကျိုးကို ဖြစ်စေ၏၊ (၃) ကောင်းကောင်း ထင်ရှားသော ကောင်းကျိုးကို ဖြစ်စေ၏၊ ၂-အကာလိကော=(၄) အခါမဲ့ ကောင်းကျိုးကို ဖြစ်စေ၏၊ (၅) ကာလ မခြား ကောင်းကျိုးကို ဖြစ်စေ၏။ ၃-ဧဟိ ပဿိကော=(၆)လာ, ကြည့်လှည့်ဟု ညွှန်ပြနိုင်အောင် ထင်ရှားသော ကောင်းကျိုးကို ဖြစ်စေ၏၊ ၄-ဩပနေယျိကော= (၇) အနီးကပ်၍ သိအပ်သော ကောင်းကျိုးကို ဖြစ်စေ၏၊ (၈)အနီး၌ကပ်၍. ကောင်းကျိုးကိုဆောင်၏။ ၅-ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ= (၉) ပညာရှိတို့ ကိုယ်တွေ့မျက်မှောက် သိရသော ကောင်းကျိုးကိုဖြစ်စေ၏၊ (၁၀) ဉာဏ်ပညာ ရှိသူတို့ အသီးသီး သိအပ်သော ကောင်းကျိုးကို ဖြစ်စေ၏။ ဣတိ ဣမေဟိ ဂုဏေဟိ=ဤသို့သော ဂုဏ်တော်အပေါင်းတို့နှင့်၊ သမန္နာဂတံ=ပြည့်စုံတော်မူသော၊ ဓမ္မံ=မဂ် ဖိုလ် နိဗ္ဗာန် ပရိယတ် တရားတော်မြတ်ကို၊သိရသာ=ဦးထိပ်ဖြင့်၊အဟံ=အကျွန်ုပ်သည်၊ဝန္ဒာမိ=ဂုဏ်အမြတ်၌ ယုံမှတ်ရိုးကိုး ပျပ်ဝပ်ကျိုး၍, ရှိခိုးပါ၏, ဘုရား။

## တရား ဂုဏ်တော် အဓိပ္ပါယ်ကျဉ်း

တရား ဂုဏ်တော် ဆိုင်ရာ စကားရပ်တွင်, **ဘဂဝတာ=ပုဉ်းတော်ကြီး ဘုရားသည်၊ သွာက္ခာတော= ကောင်းစွာ ညွှန်ပြ ဟောကြားအပ်သော'** ဟူသော စကားဖြင့် တရားအားလုံးကို ကိုယ်တော်တိုင် မှန်ကန်စွာ သိတော်မူ၍, ထိုတရားတော်များကို ဟောကြား ညွှန်ပြတော်မူသည့် ဘုရားရှင်ကို သိအပ်လေသည်၊ ရင်းစကားတွင် **သွာက္ခာတော=**

**ကောင်းစွာ ဟောကြား ညွှန်ပြအပ်သော**’ ဟူသော စကားဖြင့် ဟောဖော် ညွှန်ပြတတ်သော ဘုရားနှင့် ညွှန်ပြသည့် တရားကို သိအပ်လေသည်၊ ၎င်းတွင် ညွှန်ပြ ဟောဖော်သော ဘုရားမှာ ကမ္ဘာသူ လောကသားတို့ ကောင်းကျိုး စီးပွါး ရရှိရေးအလို့ငှါ ညွှန်ပြသော လောကခရီးညွှန်ဆရာ ဖြစ်၍, ညွှန်ပြကြောင်း, ၎င်းမှာလည်း လာဘ် ပူဇော် သက္ကာရ၏ စသည့် ငွေကွက် မထား, သနား ချီးမြှောက်လို သည့် မဟာ ကရုဏာ တော်ဖြင့် သာ ဟောညွှန်တော်မူ ကြောင်း သိအပ်လေသည်, ထို့ကြောင့် **သွာက္ခာတော = ကောင်းစွာ ညွှန်ပြဟောကြားအပ်သော** ဟု ဆိုလေသည်၊ ၎င်းစကားဖြင့်ပင် **သော ဓမ္မံ ဒေသေတိ အာဒိကလျာဏံ** စသော ပါဠိတော်များ အရ အစ အလယ် အဆုံး ကောင်း ခြင်း, အနက် သဒ္ဒါ ပြည့်စုံခြင်း, ဖြူဖြတ် စင်ကြယ်သော လောက လွတ်မြောက်ရေး ဖြစ်ခြင်း-ဤသို့သော အင်္ဂါများ ဖြင့် လူနတ်တို့အား ဟောကြားညွှန်ပြတော်မူကြောင်း သိ အပ်လေသည်။

ညွှန်ပြ ဟောကြားတော်မူသော ဘုရား၏ ညွှန်ပြ ဟော ကြားအပ်သော တရားတော်ကို **ဓမ္မော = တရားတော်သည်** ဟူသော စကားဖြင့် ဖော် ပြ၏၊ ၎င်းမှာ လည်း **သွာက္ခာ တော = ကောင်းစွာ ညွှန်ပြ ဟောကြား အပ်သော** ဟူသော စကားကို ထောက်၍, အစ အလယ် အဆုံး ကောင်းခြင်း စသော အင်္ဂါ ၄-ပါးနှင့် ပြည့်စုံရကား ကျင့်ဆောင် လိုက် နာသူတို့အား မုချ ကောင်းကျိုး စီးပွါး ရစေ နိုင်သည့် တရားတော် ဖြစ်ကြောင်း သိအပ်လေသည်။

ထိုစကားဖြင့် ဒါန= လှူဒါန်း ပေးကမ်းခြင်း, သီလ= အကျင့် အာစာရ ပြည့်စုံခြင်း, ဘာဝနာ= ကိလေသာ ငြိမ်းရေး, ကောင်းမှု၌ တည်တန့်ရေးအားဖြင့် စိတ်ကို ပွါးထုံခြင်း, အပစာယန=ဂုဏ်- အသက် ကြီးသူကို နှိမ့်ချ ရိုသေခြင်း, ဝေယျာဝစ္စ= ဂုဏ်- အသက်ကြီးသူ မိဖ မိတ်သင်္ဂဟ စသည်တို့၏ ပြုလုပ်ဖွယ် ကိစ္စကို ဆောင်ရွက်ခြင်း, ပတ္တိဒါန=မိမိ ကုသိုလ်ကို လူနတ်တို့အား ပေးဝေခြင်း,ပတ္တာနုမောဒန= သူတပါးတို့ ပြုလုပ်သော ကုသိုလ်ကို ဝမ်းမြောက်ခြင်း, ဓမ္မဿဝန= ရာဂ စသည့် ကိလေသာ ငြိမ်းအေးရေးတရားကိုနာကြားခြင်း,ဓမ္မဒေသနာ=ရာဂစသည့် ကိလေသာ ငြိမ်းရေး တရားကို ဟောကြားခြင်း,ဒိဋ္ဌိဇုကမ္မ= ကမ္မ ကမ်၏ အကျိုးကို ယုံကြည်ခြင်း, အယူကို ဖြောင့်စွာ ပြုခြင်း ဟူသော ပုညကြိယာ= စိတ်ဖြူစင်ကြောင်း ကောင်းမှု ဖြစ်ပွါးရေး တရားတို့ကို ဖော်ညွှန်းသိအပ်၏။

ထို့ပြင်, **ဗောဓိပက္ခိယ**-ခေါ် မဂ် ဖိုလ် ဉာဏ်၏ အပင်း အသင်းပါ တရားတို့ကိုလည်း သိအပ်လေသည်၊မဂ်=ဖိုလ် ၏ အပင်း အသင်းပါ တရားတို့ ဟူသည်- သတိပဋ္ဌာန်= ကုသိုလ်၌ သတိ ပြဋ္ဌာန်းထားခြင်း, သမ္မပ္ပဓာန်= ကုသိုလ်၌ လုံ့လ စိုက်ခြင်း, ဣဒ္ဓိပါဒ= ကုသိုလ်ဖြင့် ပြီးသော အခြေခံထားခြင်း,ဣန္ဒြိယ=ကုသိုလ်တရားကို အုပ်ထိန်းစောင့်စည်းခြင်း, ဗလ= ကုသိုလ်တရား၌ အားအင် စွမ်းပကားကို ဖြစ်စေခြင်း, ဗောဇ္ဈင်= ကုသိုလ်၌ အမြဲ ထားသည့် သတိ စသည်ကိုပွါးစေခြင်း, မဂ္ဂ=အကုသိုလ်ကို အကြွင်းမထား သတ်ပုတ်၍ ကုသိုလ်အယာဉ်ကို သာ ဆည်းပူးရှာမှီးခြင်း-

ဤသို့သော တရားတို့တည်း၊ ၎င်းတို့ကား သီလ စင်ကြယ်ခြင်း, အယူအစွဲးစင်ကြယ်ခြင်း, ယုံမှားလွန်မြောက်စင်ကြယ်ခြင်း, မဂ်ဟုတ် မဟုတ် ပိုင်းခြားသည့် ဉာဏ်မြင် စင်ကြယ်ခြင်း, လုပ်ထုံး ကျင့်စဉ် ဉာဏ်မြင် စင်ကြယ်ခြင်း– ဤစင်ကြယ်ရေး ၆ မျိုးဖြစ်သူ၏ **မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ်**တို့ပင် တည်း ထိုသည့် **ဗောဓိပက္ခိယ** တရားတို့သည် **နိဗ္ဗာန်** ချမ်းသာ တရားတော်မြတ်ကို ရပါလို၏’ ဟု ဆုတောင်းကာမျှဖြင့် မဖြစ်ကုန်၊ လူ နတ် ဗြဟ္မာ ချမ်းသာ လောက ၃ ပါး အစီး အပွါးကို မတောင့်တသူ, မရည်ညွှန်းသူ, ဆု မတောင်းသူမှာ သာ ဖြစ်နိုင်ကုန်၏၊–ဤစကားဖြင့်, ‘နိဗ္ဗာန် ရလို၏, သံသရာတွင် လူ နတ် စည်းစိမ် ခံစားလို၏’ဟု အမိပ္ပါယ် ပါသည့် ရေစက်ချကို ဆင်ခြင်ရပေမည်။

ထိုမှတပါး မဂ္ဂ=ကိလေသာကို အကြွင်းမဲ့ သတ်သော မဂ်တရား, ဖလ=၎င်း၏ အကျိုး ဖြစ်၍ ကိလေသာကို ငြိမ်းအေးစေလော ဖိုလ်တရား, နိဗ္ဗာန်= တသ်ွန်း မက်မောခြင်းဖြင့် လောကဒွံကျင်လည် ဖြစ်ပွါးခြင်း ကင်းရာ နိဗ္ဗာန် ဤ တရားများကို သိအပ်လေသည်၊ ဤ ၃ မျိုး တို့တွင် မဂ်တရားကား လောက ၃ ပါးဒွံ ဖြစ်ပွါးသည့် ကိလေသာ အမြစ် ဖြတ် ကရားတည်း၊ ဖိုလ်တရားကား ထိုသည့် ကိလေသာမြစ် စင်ကြယ် သန့်ရှင်းရေး တရားတည်း၊ နိဗ္ဗာန်ကား လူ နတ် ဗြဟ္မာ ပူသည့် ရာဂ- တသ်မက် ခြင်းစသော မီး တဆယ့် တပုံကို လောင်မြိုက်ရာ လောကမှ မျိုးပြတ် ငြိမ်းအေးခြင်း တရားတည်း၊ ဤသို့သော တရားများကို သိရသဖြင့် **ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ** မှစ၍ **ဗုဒ္ဓ**–

သာသနာဝင် ဖြစ်သူတို့၏ သွားလမ်းကိုင်း၊ လုပ်ငန်း အစီအစဉ်ကိုင်း၊ သိအပ်လေသည်။ ဗုဒ္ဓဘာသာဝင်ဥပါသကာ ဥပါသိကာ တို့မှာ ဗောဓိပက္ခိယ ကုသိုလ် တရား များသာ ဖြစ်ပွါးစေဖို့ လောကမီးအကြွင်းမဲ့ငြိမ်းအေးဖို့ လုပ်ငန်းသာ ရှိကြသည် ဟု ဆိုလို၏။ သန္ဒိဋ္ဌိကော စသော စကားငါးချက်ဖြင့် ထိုသည့် တရားများ၏ ဝိမ်းပကားတို့ကိုသိစေ၏။ ထိုသည့် စကားဖြင့်ပင် ထိုသို့သောတရားကို မကျင့်ဆောင် မလိုက်နာသူတို့ အတွက် အကျိုးတစုံတရာ မပြီးကြောင်း၊ လိုက်နာ ကျင့်ဆောင် သူတို့မှာသာ သန္ဒိဋ္ဌိက၊ အကာလိက စသော အကျိုး ဝိမ်းပကားများ ထင်ရှား ပြီးစီးကြောင်း သိအပ်လေသည်။

ဤနေရာ၌ ဗုဒ္ဓဘာသာ တရားကို လိုက်နာသူ ဗုဒ္ဓ သရဏံ ဂစ္ဆာမိ စသော သရဏဂုံ ကိုးစား ဆည်းကပ်သူ ဥပါသကာ တကာ တကာမတို့သည် အရိယ-သာဝက ဖြစ်သောကြောင့် သုပ္ပဋိပန္နော ဥဇုပ္ပဋိပန္နော ဉာယပ္ပဋိပန္နော သာမိစိပ္ပဋိပန္နော ဘဂဝတော သာဝက သံဃော နှင့် အညီ မဂ်ဖိုလ် နိဗ္ဗာန် ရခြောက်ရေးမှတပါး ဘဝ သံသရာ၌ ကျင်လည် ဖြစ်ပွါးရေး လူ နတ် စည်းစိမ်ကို မတောင့်တသင့်ကြောင်း၊ မတောင့်တရကြောင်းကို သိရမည်။ မှန်လှ၏၊ ကရဏီယ မတ္ထ- ကုသလေန၊ ယံတံ သန္တံ ပဒံ အဘိသမေစ္စ=ပဌမကျကျိုး တမလွန်ကျိုး၊ ကိုယ်ကျိုး၊ သူ့ကျိုး၊ လောကကျိုး၊ ဓမ္မကျိုး၌ လိမ္မာသော သူသည် လောက-ဒုက္ခ သံသရာမီး-ငြိမ်းရေး နိဗ္ဗာန်ကို ရည်မှန်း၍သာ ကု သိုလ်မှု၌ ဝိမ်းဝိမ်း တမန် ပြုကျင့်ခြင်း စသော အင်္ဂါ

၁၅-ပါးအတိုင်း လိုက်နာ ပြုကျင့်ရမည် ဟု ဘုရားဟော ညွှန်လေသည်၊ ထို့ပြင်, အရိယာ သာဂကတို့ ဖြည့်ကျင့် ရမည့် သီလတွင်လည်း (၁) ဘုဇိသာ=လောက သံသရာ အတွက် တဏှာ ဘျွန် အဖြစ်မှ တော်လွန်ခြင်း, (၂) အပရာ မဋ္ဌ=အစွဲး ကင်းလွတ်ခြင်းဟု အင်္ဂါ ၂ ပါး ပါဝင်လျက် ရှိလေသည်။

ထို ၂ မျိုးတို့တွင် တဏှာ ဘျွန် အဖြစ်မှ တော်လွန်သော ဟူသည် ဘုံ ၃ ပါးချမ်းသာကို မတောင့်တ မရည်ရွယ် ခြင်း, ဘုံ ၃ ပါး ချမ်းသာကို တောင့်တ ရည်ရွယ်၍ သီလ မကျင့်ခြင်းတည်း၊ အစွဲးကင်းခြင်း ဟူသည် တဏှာစွဲး မာ နစွဲး ဒိဋ္ဌိစွဲးမှ ကင်းခြင်းတည်း၊ အစွဲးမှာ-အတိတ်စွဲး အနာ ဂတ်စွဲးဟု ၂-မျိုးရှိ၏ အတိတ်စွဲးဟူသည်အတိတ်ဘဝတို့မှ ပြုခဲ့သည့် ထိုထို ဟူသိုလ်ကို စွဲးလမ်းခြင်းတည်း၊ မှန်ပေ့၏, ငါသည် ရှေးရှေး ဘဝများ၌ ပြုလုပ်ခဲ့သော ကမ်ဖြင့်သော ကမ်အတိုင်းသော ချမ်းသာရပေအံ့, ဆင်းရဲးရပေအံ့ ဟုမိမိ ၏ အတိတ်ကမ်ကို စွဲးလမ်း တတ်လေသည်၊ အနာဂတ်စွဲး ဟူသည် ယခု ပစ္စုပ္ပန် ကမ်ဖြင့် နောင် အနာဂတ် အခါ ငါ သည် ဤသို့သော လူမင်း လူမိဖုရား ဖြစ်ပေအံ့၊ ဤသို့ သော နတ်မင်း နတ်မိဖုရား ဖြစ်ပေအံ့ ဟု စွဲးလမ်းခြင်း တည်း၊- ဤသို့သော အစွဲးအလမ်း ကင်းလွတ်မှ ဘုဇိသာ အပရာမဋ္ဌအင်္ဂါ လုံလောက်လေသည်၊ ဤသို့ပြုကျင့်သော ဒါန သီလမျိုးသာ အရိယပွဲသဋ္ဌ ဖြစ်၍ အကျိုးရ စင်ကြယ် လေသည်။

ဤကား—သွက္ခာတော ဘဂဝ တာဓမ္မော၏အကျဉ်းအဓိပ္ပါယ်တည်း။

## ဓမ္မဂုဏ် အဓိပ္ပါယ်ရှင်းလင်းချက်

ဘုရားရှင် ကောင်းစွာ ဟောညွှန်ပြအပ်သော တရားတော်သည် မျက်မှောက် ကောင်းကျိုး, ထင်ရှားသော ကောင်းကျိုး, ကိုယ်သိ လက်တွေ့ ကောင်းကျိုးကို ရစေနိုင်၏။ အခါမဲ့ ကောင်းကျိုး, ကာလမခြားပဲ ကောင်းကျိုးကို ရစေနိုင်၏။ လာခဲ့, ကြည့်ရှုလှည့်ဟု ညွှန်ပြနိုင်အောင် ထင်ရှားသော ကောင်းကျိုးကို ရစေနိုင်၏။ အနိူးကပ်၍ ရှုမြင်အပ်လျက်, မကွယ် မဝှက် ပေါ်လွင်သော ကောင်းကျိုးကို ရစေနိုင်၏။ အစဉ် စောင့်ကြပ် အနိူးကပ် ဖြစ်၍ ကောင်းကျိုးကို ဆောင်ရွက်နိုင်၏။ ဝေဖန် သိမြင်နိုင်သူ, လိုက်နာ ကျင့်ဆောင်သူတို့ အသီး အခြား ကောင်းကျိုး ရယူ ခံစားထိုက်၏။

**တနည်းကား။**— ဘုရားရှင်သည် မိမိ တရားတော်ကို ကျင့်ဆောင် လိုက်နာသူတို့ မျက်မှောက်ကောင်းကျိုး ရရန်, ထင်ထင် ရှားရှား ကောင်းကျိုး ရရန်, ကိုယ်သိ လက်တွေ့ ကောင်းကျိုး ရရန်, အခါမဲ့ ကောင်းကျိုးရရန်, ကာလမခြား ကောင်းကျိုး ရရန်, လာခဲ့, ကြည့်ရှုလှည့်ဟု ထင်ရှား ညွှန်နိုင်သည့် ကောင်းကျိုးကို ရရန်, အနိူးကပ်၍ ရှုမြင်နိုင်လျက် မကွယ် မဝှက် ပေါ်လွင်သည့် ကောင်းကျိုးကိုရရန်, အစဉ် အမြဲ အနိူးကပ်တွင် စောင့်ကြပ်၍ ကောင်းကျိုးဆောင်ရန်, ဝေဖန် သိစွမ်းနိုင်သူ လိုက်နာ ကျင့်ဆောင်သူတို့ အသီး-အခြား ကောင်းကျိုး ခံစားရရန် ဤသို့ ဝေဖန်၍ ကောင်းမွန်ကျနစွာ ဟောညွှန်တော်မူ၏။

**ဤကား- အပေါင်းအဓိပ္ပါယ် တည်း။**

**အစိပ် အစိပ် အဓိပ္ပါယ်ကား—** ကောင်းစွာ ဟော ညွှန်အပ်သော' ဟူသည်၌ ဘုရားရှင်သည် ကောင်းစွာ ဟောသည့်, ကောင်းအောင် ဟောသည့်, ကောင်းကျိုးရ အောင်ဟောသည့်, ကောင်းကျိုးရရန်ကောင်းမွန်စွာဟော ကြားတော်မူသည်၊ မည်သို့ ကောင်းကျိုး ရစေသနည်း?။

၁။ သန္ဒိဋ္ဌိကော=မျက်မှောက်ကောင်းကျိုး ရစေနိုင်၏, ဟူသည့် ၌ မျက်မှောက် ဘဝ ပစ္စက္ခတွင် ယခု ချက်ခြင်း လက်ငင်းပင် ကောင်းကျိုးကို ရစေနိုင်သည့်, ထိုသို့ ရရှိ ရန်ပင် ဘုရားရှင် ကောင်းစွာ ဟောညွှန်တော်မူသည် ဟု ဆိုလို၏။

၂။ သန္ဒိဋ္ဌိကော=ထင်ရှားသော ကောင်းကျိုးကို ရစေ နိုင်၏ ဟူသည့် ၌လောက၌ အိပ်မက်တွင် မြင်ရသကဲ့သို့, ချမ်းသာ ဟု ထင်မှတ်ရကာမျှ ဖြစ်လျက် ပျက်စီးရသော လုပ်ငန်းများ စည်းစိမ်ချမ်းသာများ ရှိလေသည်၊ ဘုရားရှင် ညွှန်ပြသော တရားမူကား ကောင်းစွာ ညွှန်ပြအပ်ရကား ထိုသည့် အိပ်မက် ချမ်းသာမျိုး အစားကဲ့သို့, မထင်ရှား သော ချမ်းသာ စည်းစိမ်မဟုတ်, ကောင်းကျိုး ထင်ထင် ပေါ်လွင်စွာ ရစေနိုင်သည် ဟု ဆိုလို၏၊

၃။ သန္ဒိဋ္ဌိကော= ကိုယ်သိ ကိုယ်တွေ့ ကောင်းကျိုးကို ရစေနိုင်၏, ဟူသည် ၌လောက၌ ချမ်းသာ ဟု ပြောဆို ရလျက် ချမ်းသာ ဟု မသိနိုင် မသိရသော စည်းစိမ်များ, ကိုယ် တွေ့ ကိုယ် ရောက် ကိုယ် ရ ကိုယ် ပိုင် ကိုယ် စိုး မဖြစ်သော အရာဝတ္ထု များ ရှိကြ၏, ဘုရား ရှင် ၏ ကောင်းစွာ ညွှန်ပြ ဟောကြားသော တ ရား မူ ကား

ထိုသို့မဟုတ်, ကိုယ်သိ လက်တွေ့ ကိုယ်ပိုင် ကိုယ်ရ ကောင်းကျိုးကိုသာ ခံစားရစေလေသည် ဟု ဆိုလို၏။

၄။ အကာလိကော= အခါမဲ့ ကောင်းကျိုးကို ရစေနိုင်၏' ဟူသည် အခါမဲ့ သီးသော သရက် ဟူ သကဲ့သို့ အခါသီးသန့် သတ်မှတ် မရှိ, အချိန် အခါနှင့် ကင်း၍ အလိုအတိုင်း ပြီးမြောက်သောအကျိုး, မည်သည့်အခါမဆို အဖင့်အနွှဲ့ မရှိ ပြီးစီးသော ကောင်းကျိုးဟု ၂ မျိုးရှိ၏၊ ထိုတွင် အချိန်အခါနှင့် ကင်း၍ အလိုအတိုင်း ပြီးမြောက်သော အကျိုးဟူသည် နိဗ္ဗာန်တည်း၊ နိဗ္ဗာန်သည်အတိတ် ပစ္စုပ္ပန် အနာဂတ် ကာလ ၃ ပါး မရှိ, အတွင်း အပြင် အဝေး အနီး မဟုတ်၊ ထိုသို့အားဖြင့်ကာလသဏ္ဌာန်အရပ်ဒေသသီးသန့်မရှိသော နိဗ္ဗာန် တပ်မက် စွဲလမ်းကင်း၍ ရရောက်နိုင်ခွင့်ရှိသော အခါမဲ့ ကောင်းကျိုးကို ဖြစ်စေနိုင်သည် ဟု ဆိုလို၏၊ မည်သည့် အခါမဆို အခါအားလုံး၌ ပြီးမြောက်နိုင်သော အကျိုး ဟူ သည် ဆောင်း နွေ မိုဃ်း နေ့ ည စသည့် အခါကိုငံ့ လင့် ဆိုင်းတွဖွယ် မရှိ, ပြုလုပ်သော အခါ၌ ပြီးမြောက်သော ကောင်းကျိုး ရှိ၏ ဟုဆိုလိုသည်။

၅။ 'အကာလိကော=ကာလ မခြားပဲ ကောင်းကျိုးကို ရစေနိုင်၏' ဟူသည် ဤလောက၌ ရှေး အခါ တပါးက တင်ကူး ပြုလုပ်မထားပဲ နောက်အခါတွင် ပြီးစီးဖြစ်ပေါ်သော အကျိုး ဟု မရှိ, တင်ကူး ပြုလုပ် ထားသော် သာ ပြီးစီးသော အကျိုးရှိ၏၊ မိုဃ်းအခါ ပြုလုပ်သော စပါးမှာ ဆောင်း အခါတွင် ရိပ်သိမ်းရပုံ ကဲ့သို့တည်း၊ ဘုရားရှင် ညွှန်ပြသော တရားတော်မှုကား ပြုလုပ်ခြင်းကိစ္စ ဖြစ်သည်

နှင့် တပြိုင်နက် ကောင်းကျိုးကို ဖြစ်စေ ရရောက် စေနိုင်လေသည် ဟု ဆိုလို၏။

၆။ 'ဧဟိပဿိကော= လာခဲ့, ကြည့်လှည့် ဟု ညွှန်ပြနိုင်အောင် ထင်ရှားသော ကောင်း ကျိုး ကို ရစေနိုင်၏၊ ပုသည် ဤလောက၌ 'ရွှေနားဒေါင်းကြောင့် ပြောင်သောပါး'ဟုသကဲ့သို့ ထင်ရှားစွာ မရကောင်းသော သို့မဟုတ် အခိုင်အခန့် အခြေတယ် မရှိသော သို့မဟုတ် 'လေတည်း၌ တိုက်အိမ်ဆောက်' ဟုသကဲ့သို့၎င်း, 'လေဖမ်း ဝါးတမ်းချည်' ဟုသကဲ့သို့၎င်း ပြောရကာမျှ ရော်ရမ်း ထင်မှတ်ရကာမျှ ချမ်းသာ ကောင်းကျိုးတို့ မည်သည် ရှိကုန်၏၊ ဘုရားရှင် ညွှန်ပြသော တရားတော်မူကား ထိုသို့မဟုတ်, ကိုယ်တွေ့မှု ဖြစ်နိုင်၍ လာခဲ့,ဤမှာကြည့်ရှုလှည့်ဟုခေါ်ယူလျက် မျက်မှောက် ပြနိုင်သော ကောင်း ကျိုး ကိုရစေလေသည်၊မျက်မြင်ဒိဋ္ဌ လက်တွေ့ နိုင်သော ကောင်းကျိုးရတရားကိုသာ ဘုရား ညွှန်ပြတော်မူသည် ဟု ဆိုလို၏။

၇။ ဩပနေယျိကော=အနီး ကပ်၍ ရှုမြင်အပ်လျက် မကွယ် မဝှက် ပေါ်လွင်သော ကောင်းကျိုးကို ရစေနိုင်၏၊ ပုသည် ဤလောက၌ လိပ်ဥကို လိပ်မ မဝပ်မထိန်းသိမ်းသောထုံး, ငှင်းခုပယ်ကို ငှင်းဥ မိဖတို့ အစားမခွန့်သောထုံးများကဲ့သို့ ပစ်ပစ် လွှင့်လွှင့် ကစင့် ကရဲအကျိုးရသော ကိစ္စများ ရှိ၏၊ ဘုရားရှင် ညွှန်ပြသော တရားမူကား ဤသို့မဟုတ်,ကြက်မသည် မိမိဥကို ပေါက်ဖွားသည်တိုင်အောင်စောင့်ရှောက်သောကြက်မကဲ့သို့အနီးကပ်တွင်ပင်ထင်စွာ ဖြစ်၍ ကောင်းကျိုးကို ရစေနိုင်လေသည်၊

၈။ ‘ဩပနေယျိကော—အစဉ် စောင့်ကြပ် အနီးကပ် ဖြစ်၍ ကောင်းကျိုးကို ဆောင်နိုင်၏’ ဟူသည် ဘုရားဟော ညွှန်ချက် တရားတော်ကား ကျင့်ဆောင် လိုက်နာသူ အား မဲ့လျော့ ပေါ့တန်စွာ ပစ်စွန့်၍ မထားတတ်, အမိကောင်းသည် ချစ်လှစွာသော တဦးတည်း သားကို ယင်မျှ မနား, ခြင် မှက် မျှ မသိပါးရအောင် မငို မယို, မငတ် မမွတ်ရအောင် အရာရာ အလိုဆန္ဒ ဖြည့်ဝ ချမ်းမြေ့ရရန် ပြုစုသကဲ့သို့ အနီးအနားတွင် ချဉ်းကပ် စောင့် ရှောက် လျက် ကောင်းကျိုးကို ဖြစ်စေသည် ဟူလို၏။

၉။ ‘ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ—ဝေဖန် သိမြင်နိုင်သူ လိုက်နာ ကျင့်ဆောင်သူတို့ အသီးအခြား ကောင်းကျိုးကို ရရောက်ခံစားရစေနိုင်၏’ ဟူသည် ဤလောက၌ မည်သည့် ကိစ္စကို ဆောင်ရွက်သည် မည်သည့်အလုပ်ကို ပြုလုပ်သည် ဟု ဆိုလျက် လုပ်ကိုင် ဆောင်ရွက်ကြရာ, အချိန်တန်သော အခါ အကျိုး တစုံတရာမျှ မရှိသော အလုပ်ကိစ္စများ ရှိ၏၊ ဘုရားရှင် ညွှန်ပြသော တရားတော်ကား ဤသို့ မဟုတ်, အကျိုး ဆင်ခြင် သိမြင်သူတို့ အတွက် ထင်ရှားစွာသော ကောင်းကျိုးကို ရစေနိုင်သည်, လုပ်ဆောင် သူမှာ လုပ်ဆောင်ကျိုး ထင်ရှား လက်ရ ဖြစ်သည် ဟု ဆို လို၏၊ ဤစကားဖြင့် ကိုယ်လုပ် ကိုယ်ရသာ ဖြစ်စေသည်, သူများ ပြုလုပ်၍ ကိုယ်မရ, ကိုယ်လုပ်၍လည်း သူများမရ ဟူသော အနက်သည်လည်း ပေါ်လွင် လေသည်။

**ဤကား အစိပ် အစိပ် အဓိပ္ပါယ်ရှင်းလင်းချက်**

## လုပ်ထုံးနှင့် အကျိုး

ပြ ညွှန်ခဲ့ပြီး ဂုဏ်တော်များ အတိုင်း ပါဠိနှင့် အနက်ကို နှုတ်ရ လေ့ * ကျင့်၍ ရှိခိုးသော်, အကြိမ်များစွာ ရှိခိုးသော် စိတ်တွင်း ထား၍ ပွါးများခဲ့သော်, အဖန်ဖန် စိတ်တွင်းထား၍ ပွါးများစေခဲ့သော်, တရားတော်၌ ကြည်ညို လေးစားခြင်း များ၍ စိတ်ထား ကြည်လင်သဖြင့် မိမိစိတ် သန္တာန်၌ လောဘ အစ ရှိသော အကုသိုလ် တရားများ စင်ကြယ်လျက် အလောဘ အစ ရှိသော ကုသိုလ် အစု အခဲများ ဖြစ်ပွါးလေသည်၊ မေတ္တာ အစရှိသော ပဋ္ဌံကျွ ကြီးပွါးရေး တရားများ မိမိစိတ် သန္တာန်၌ တည်နေကိန်း အောင်းလေသည်၊ ယင်းသို့ အကုသိုလ် တရားများ စိတ်၌ စင်ကြယ်ခြင်းသည် အကုသိုလ် ကြောင့် ဖြစ်ပေါ် ကျရောက်သော အဝ-မင်္ဂလာ ဟူသမျှ ဘေးဒဏ် ရန် ဥပဒ် ဟူသမျှ စိတ်မချမ်းသာဖွယ် ဟူသမျှ ဖျားနာ လေနာ ရင်နာ ဝမ်းနာ ဆီးပူနာ ခေါင်းခဲနာ စသည့် ရောဂါဟူသမျှ ကင်းပရန် ဖြစ်လေသည်၊ ယင်းသို့ ကုသိုလ်တရား အစုအခဲ၏ တည်နေ ကိန်းဝပ်ခြင်းသည် ကောင်းကျိုး ချမ်းသာမင်္ဂလာ ဟူသမျှ ဆိုက်ရောက်ရန် လာဘ်သက္ကာရ ရရှိရန် ဧကန်စင်စစ် ဖြစ်လေသည်၊ မှန်လှ၏, မိမိစိတ် သန္တာန်၌ တရားဆိုး

---

* ဘုရား တရား သံဃာ ဂုဏ်တော် ပါဠိအနက်ကို နှုတ်ရ လေ့ကျက်ပြီးမှ ဤတွင် ဖော်ပြထားချက် အဓိပ္ပါယ်များကို အထပ်ထပ် ဖတ်ရှု ဆင်ခြင် ရမည်, အားလုံး ထင်ရှား ပေါ်လွင်သည် တိုင်အောင် ကြည့်ရှု ဆင်ခြင်ရမည်၊-ဟု ညွှန်ကြားလို သတည်း။

ကင်းစင်ခြင်းသည် ပင် အကုသိုလ် ကင်းခြင်း, ကမ်ဆိုး ကင်းခြင်း, ကပ်ဆိုး ဥပဒ်ဆိုး ကင်းခြင်း ဖြစ်လေသည်၊ ထို့ပြင် စိတ်သန္တာန်၌ ကုသိုလ် တရား ကိန်းနေခြင်းသည် ပင် ကုသိုလ်ရှိခြင်း, ကံကောင်းခြင်း, လာဘ်တိုက်ခြင်း ဖြစ်လေသည်။

## တရားဂုဏ် သုံးစွဲထုံး

ဆရာတို့ကား **သန္ဒိဋ္ဌိက** ဂုဏ်တော်ကို မိမိ ပြုလုပ်ပြီး ပြုလုပ်ဆဲ ကုသိုလ် အကျိုး အတွက် ဒိဋ္ဌ မျက်မှောက် လက်ငင်း ကောင်းကျိုး ရောက်ရန် လာဘ်ပစ္စည်း ရရှိရန် သရဇ္ဈာယ် ကုန်၏၊ မိမိတို့ အမှန် လုပ်တိုင်း အမှန် မဖြစ်, အမှားဖြစ်ပွါး နေရာတွင်လည်း အမှန်အတိုင်း ဖြစ်စေရန် ဤဂုဏ်ကိုပင် သရဇ္ဈာယ်ကုန်၏၊ **အကာလိက** ဂုဏ်တော်ကို နေ့ ည မခြား ကောင်းကျိုး ရရန် ရွတ်ဆိုကုန်၏၊ သို့မဟုတ် ထူးထွေ ဆန်းပြားသော အကျိုးကို ရရှိရန်လည်း ၎င်းကို ရွတ်ဆိုကုန်၏၊ ဧဟိပဿိက ဂုဏ်တော်ကို ထင်ရှားသော ဘေးကြီး ဥပဒ်ကြီး ရောဂါကြီးမှ ကင်းရန် ထင်ရှားသော လာဘ်ပစ္စည်းကို ရရှိရန် ရွတ်ဆိုကုန်၏၊ ဩပနေယျိက ဂုဏ်တော်ကို မိမိ ပြုလုပ်သော ကုသိုလ်နှင့်တပါတည်းပင် ကောင်းကျိုးရရန် သို့ မဟုတ်မိမိပြု သော ကုသိုလ်က မိမိ အပေါ်၌ နိစ္စ မကွာ အမိကောင်းက သားချစ်အား စောင့်ကြပ်သည့် အလား, စောင်မစေရန် ရွတ်ဆိုကုန်၏၊ **ပစ္စတ္တံ ဝေဒိတဗ္ဗ** ဂုဏ်တော်ကိုလည်း **သန္ဒိဋ္ဌိက** ဂုဏ်တော်ကဲ့သို့ပင် ရွတ်ဆိုကုန်၏၊ ယင်းသို့ ရည်ညွှန်း ပြုလုပ်

ရွတ်ဆိုခြင်းများမှာ မိမိတို့၏ အတိတ်ကရင်း, ပစ္စက္ခရင်း, ပြုလုပ်ပြီး ပြုလုပ်ဆဲ ကုသိုလ် အတွက် အကျိုး ရရန် ရည်ရွယ်သောကြောင့် ဇောကန် စင်စစ် ယုတ္တိရှိ၍ အကျိုး ခံစားရရန် ရှိလေသည်၊ မှန်လှ၏, တရားတော်ကို အထပ်ထပ် ပွါးများခြင်းသည် အလွန် ကြီးကျယ် ပွါးစီးသော ကုသိုလ် အစု အခဲ ဖြစ်ရကား အားကြီးသလောက် ဉာဏ်အမြင် စင်ကြယ် သလောက် ကောင်းကျိုး ရဖွယ့် ရှိလေသည်။

## ကုသိုလ် အစုအပုံ

ဤနေရာတွင် ပညာ ဉာဏ် ရှိသူတို့ သိမြင်နိုင်ရန် ကုသိုလ် အဟုန် ကြီးကျယ်၍ များမြောက် ပစ္စက္ခ အကျိုး ထင်ရှားရနိုင်ဖွယ် အကြောင်း အမြွက်ကို အနည်းငယ် ဆက်၍ ဆိုအပ်၏၊ ဘုရား တရား သံဃာ ပူသော ရတနာ ၃ ပါးကို စွဲ၍ ဖြစ်သော စိတ်ကား ကာမာဝစရ မဟာကုသိုလ်စိတ် ရှစ်ခုတို့တွင် တခုခုသော ဖြစ်၏၊ ဂုဏ်တော်များ၏ အနက် အဓိပ္ပါယ်ကို သိ၍ ကမ် ကမ်၏ အကျိုးကို ယုံကြည်၍ ရင်း ဖြစ်သော စိတ်သည် ဉာဏသမ္ပယုတ်သော ဖြစ်သည့်၏၊ ထိုအခါ ကာမာဝစရ မဟာကုသိုလ် စိတ်, ဖဿ=အာရုံကို တွေ့ထိခြင်း, ဝေဒနာ=အာရုံ အရသာကို ခံစားခြင်း, သညာ = အာရုံကို မှတ်ထားခြင်း, စေတနာ=အာရုံ၌ စေ့ဆော်ခြင်း, ဝိတက္ကော=အာရုံကို ကြံစည်ခြင်း, ဝိစာရော=အာရုံကို စဉ်းစားခြင်း, ပီတိ=အာရုံကို နှစ်သက်ခြင်း, သုခံ=အာရုံ၌ ချမ်းမြခြင်း, စိတ္တေကဂ္ဂတာ=အာရုံ၌ ပူးစိုက်တည်တန့်ခြင်း, သဒ္ဓိန္ဒြိယံ=အစိုးတရ

ယုံကြည်ခြင်း ဝီရိယိန္ဒြိယံ=အစိုးတရ လုံ့လ စိုက်ခြင်း, သတိန္ဒြိယံ=အစိုးတရ အောက်မေ့ခြင်း, သမာဓိန္ဒြိယံ=အစိုးတရ မြဲခိုင် တည်ငြိမ်ခြင်း, ပညိန္ဒြိယံ= အစိုးတရ ခွဲခြမ်း သိမြင်ခြင်း, မနိန္ဒြိယံ=အစိုးတရ ချင့်ချိန် နှစ်လိုး ထားခြင်း, သောမနဿိန္ဒြိယံ= အစိုးတရ ဝမ်းသာ ရွှင်ပျခြင်း, ဇီဝိတိန္ဒြိယံ=အစိုးတရ စောင့်ထိန်းခြင်း,

သမ္မာဒိဋ္ဌိ=အမှန် မြင်ခြင်း သိခြင်း, သမ္မာသင်္ကပ္ပေါ= အမှန် ကြံစည်ခြင်း, * သမ္မာဝါစာ=အမှန် ဆိုခြင်း, သမ္မာ ကမ္မန္တော= အမှန် ပြုလုပ်ခြင်း, သမ္မာ အာဇီဝေါ= အမှန် အသက်မွေးခြင်း, သမ္မာဝါယာမော=အမှန်အားစိုက်ခြင်း, သမ္မာသတိ=အမှန် အောက်မေ့ခြင်း, သမ္မာသမာဓိ=အမှန် တည်တန့်ခြင်း, သဒ္ဓါဗလံ=အားရှိ အားမဲ့ ယုံကြည်ခြင်း, ဝီရိယဗလံ=အားရှိ အားမဲ့လုံ့လပြုခြင်း, သတိဗလံ=အားရှိ အားမဲ့ အောက်မေ့ခြင်း, သမာဓိ ဗလံ=အားရှိ အားမဲ့ ခိုင်မြဲခြင်း, ပညာဗလံ=အားရှိ အားမဲ့ ခွဲခြမ်း သိမြင်ခြင်း, ဟိရိဗလံ=အားရှိ အားမဲ့ ရှက်ခြင်း, ဩတ္တပ္ပဗလံ=အားရှိ အားမဲ့ ထိတ်လန့်ခြင်း, အလောဘော=မတသ်မက် မစွဲ လန်းခြင်း, အဒေါသော= မပြစ်မှားခြင်း, အမောဟော= မတွေဝေခြင်း, အနဘိဇ္ဈာ=သူ့စည်းစိမ်ကို မငြူရှုခြင်း, အဗျာပါဒေါ=သူပျက်စီးအောင် မကြံစည်ခြင်း, သမ္မာဒိဋ္ဌိ=

---

* ဤနေရာ၌ သဘာဝအားဖြင့် ရထိုက်လျက် ပဋ္ဌာန်က မဂ်ကို သာ ကောက်ယူ ထားသော သီဟိုဠ်နိသျကြီးများနှင့် သီဟိုဠ်ဖြစ် ပါဠိ တော်ခေါ် စာပေများကို ကိုယ်ပိုင် ဉာဏ်ဖြင့်စဉ်းစားကြရန် တိုက် တွန်းသတည်း။

မှန်ကန်စွာ စွဲယူခြင်း, ဟိရီ= မကောင်းမှုမှ ရှက်ခြင်း, ဩတ္တပ္ပံ= မကောင်းမှုမှ ‘လန့်ခြင်း, * စိတ္တပဿဒ္ဓိ=စိတ်တို့ ငြိမ်းအေးခြင်း, စိတ္တလဟုတာ=စိတ်တို့ ပေါ့ပါးခြင်း, စိတ္တမုဒုတာ=စိတ်တို့ နူးညံ့ခြင်း, စိတ္တကမ္မညတာ=စိတ်တို့ ခန့်ကျန်းခြင်း, စိတ္တပါဂုညတာ=စိတ်တို့ လေ့လာ ခြင်း, စိတ္တုဇုကတာ=စိတ်တို့ဖြောင့်မတ်ခြင်း, သတိ=အောက်မေ့ခြင်း, သမ္ပဇညံ= မြော်မြင်ခြင်း, သမထော= ငြိမ်းဇေး ခြင်း, ဝိပဿနာ=အကုသိုလ်ပယ်၍ ရှုမြင်ခြင်း, ပဂ္ဂါဟော=ချီးမြှောက်ခြင်း, အဝိက္ခေပေါ-မပျံ့လွင့်ခြင်း-ဤသည့်ငါးဆယ်သောတရားကောင်း တရားမြတ်တို့ ရစည်း ဖြစ်ပွါးကုန်၏။

## ကုသိုလ်တရား၏ သတ္တိ

ယင်း သည့် ငါးဆယ်သော တရားကောင်း တရားမြတ်တို့တွင် ဝိတက် ဝိစာရ ပီတိ သုခ စိတ္တ ‘သေကဂ္ဂတာ— ဤသည့် ဈာနင်တို့ဖြင့် အကုသိုလ် တရားပူသော ကမ်ဆိုး ကမ်ဝါး တရားယုတ် တို့ကို သတ်ပုတ်ပျက်ပြားစေ၍ ကုသိုလ်တရားကို တင့်ရှား ဖြစ်ပွါးစေ၏၊ သဒ္ဓိန္ဒြေ ဝီရိယိန္ဒြေ သတိန္ဒြေ သမာဓိန္ဒြေ ပညိန္ဒြေ မနိန္ဒြေ သောမနဿိန္ဒြေ ဇီဝိတိန္ဒြေ ဤ ဣန္ဒြေ ရှစ်ပါးဖြင့် ကုသိုလ် တရားတို့ကို အမြဲ အုပ်စီး စိုးမိုးလျက် ရှိခြင်းကြောင့် အကုသိုလ်တို့ အလျင်း မဝင်နိုင်ကုန်, ကမ်ဆိုး

* ကာယပဿဒ္ဓိ စိတ္တပဿဒ္ဓိစသည် ၂ ခုစီ ခွဲခြမ်း ထားသည့် သီဟိုဠ်သင်္ဂဟတို့ စကားမှာ စိတ်၏ အကျိုးဆက်ကိုသာ စေတသိက် ဟု ယူဆရသဖြင့် စေတသိက်၏ အကျိုးဆက်ကို စေတသိက် ဟု ဆိုရာ ကျနေသောကြောင့် စဉ်းစား ဆင်ခြင်ဖွယ် ရှိလေသည်။

ကမ်ဝါးတို့ လမ်းပေါက် မရကုန်၊ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ သမ္မာဝါစာ သမ္မာ ကမ္မန္တ သမ္မာ အာဇီဝ သမ္မာ ဝါယာမ သမ္မာသတိ သမ္မာသမာဓိ- ဤမဂ္ဂင် ရှစ်ပါးဖြင့် အကုသိုလ် တရား ကမ်ဆိုး ကမ်ဝါး အမှောင့် ပယောဂတို့ကို သတ်ဖြတ် ဖျက်ဆီးထား၍၊ သဒ္ဓါ ဝီရိယ သတိ သမာဓိ ပညာ ဟိရီ ဩတ္တပ္ပ- ဤမိုလ်တရားတို့ ပါဝင်လျက်ရှိသောကြောင့် အကုသိုလ် ဆိုင်ရာ ကမ်ဆိုး ကမ်ဝါးတို့ မသိနိုင်ကုန်, ကုသိုလ် ဆိုင်ရာ လာဘ် သက္ကာရ တို့ကိုကား အားရှိတိုင်း ဝင်ခွင့် ပြုလေသည်၊- ဤသို့ စသည်ဖြင့် ဘုရား တရား သံဃာပဟူသော ရတနာ ၃-ပါး ဂုဏ်တော်များ၌ စိတ်ထား ပြုခြင်းသည် ကုသိုလ် တရားများ ပွါးစီး၍ အကုသိုလ် တရား ကမ်ဆိုး ကမ်ဝါးတို့ ကင်းပျောက် ကွယ်ပခြင်း ဖြစ်လေသည်။

## ၄၊ သံဃာ့ ဂုဏ်တော် ပါဠိ

သုပ္ပဋိပန္နော ဘဂဝတော သာဝက-သံဃော, ဥဇုပ္ပဋိပန္နော ဘဂ-ဝတော သာဝက သံဃော, ဉာယပ္ပဋိပန္နော ဘဂဝတော သာဝက-သံဃော, သာမီစိပ္ပဋိပန္နော ဘဂ-ဝတော သာဝကသံဃော, ယဒိဒံ စတ္တာရိ ပုရိသ-ယုဂါနိ အဋ္ဌပုရိသ-ပုဂ္ဂလာ၊ ဧသ ဘဂ-ဝတော သာဝက-သံဃော အာဟုနေယျော ပါဟုနေယျော ဒက္ခိဏေယျော အဉ္ဇလိကရဏီယော အနုတ္တရံ ပုညက္ခေတ္တံ လောကဿ, ဣတိ ဣမေဟိ ဂုဏေဟိ သမန္နာဂတံ သံဃံ သိရသာ အဟံ ဝန္ဒာမိ။

## သံဃာ့ ဂုဏ်တော် အနက်

ဘဂဝတော=မြတ်စွာဘုရား တော်ကြီးသခင် ဘုရားရှင်၏၊ သာဝက-သံဃော=တပည့်သား သံဃာ တော်သည်၊ သုပ္ပတိပန္နော=ကောင်းမွန်မှန်ကန်စွာ ကျင့်တော်မူ၏၊ ဘဂဝတော=မြတ်စွာ ပုဥ်းတော်ကြီးသခင် ဘုရားရှင်၏၊ သာဝက သံဃော=တပည့်သား သံဃာတော် သည်၊ ဥဇုပ္ပဋိပန္နော=ဖြောင့်မတ် ကောင်းမွန်စွာ ကျင့်တော်မူ၏၊ ဘဂဝတော=မြတ်စွာ တော်ကြီးသခင် ဘုရားရှင်၏၊ သာဝက-သံဃော= တပည့်သား သံဃာတော်သည်၊ ဉာယပ္ပဋိ ပန္နော=နည်းမှန်ထုံး သင့် ကျင့်တော်မူ၏၊ ဘဂဝတော=မြတ်စွာ တော်ကြီး သခင် ဘုရားရှင်၏၊ သာဝက သံဃော=တပည့်သားသံဃာတော် သည်၊ သာမီစိပ္ပဋိ ပန္နော= ရိုသေလေးနက်စွာ ကျင့်တော် မူ၏၊ ယဒိဒံ စတ္တာရိ ပုရိသ-ယုဂါနိ= ဤ သံဃာတော်တို့ စသည် လေးဦးသော ပုဂ္ဂိုလ်အစုံတို့ ဖြစ်ကုန်၏၊ အဋ္ဌပုရိသ ပုဂ္ဂလာ=ပုဂ္ဂိုလ် ရှစ်ယောက် ဖြစ်ကုန်၏။

ဘဂဝတော=မြတ်စွာ တော်ကြီး သခင် ဘုရားရှင်၏၊ ဧသ သာဝက-သံဃော=ဤ တပည့်သား သံဃာတော် သည်၊ အာဟုနေယျော=ဆွမ်းရှ ကော်ရော် ပူဇော်သည်ကိုခံတော် မူထိုက်၏၊ ပါဟုနေယျော=အာဂန္တုအပြားပြား ရှေးရှု ကော်ရော် ပူဇော်သည်ကို ခံတော်မူထိုက်၏၊ ဒက္ခိဏေယျော=မြင့်မြတ်သော အလှူကို ခံတော်မူထိုက်၏၊ အဉ္ဇလိကရဏီယော=လက်အုပ်ချီမိုး ရှိခိုးပူဇော်သည်ကို ခံတော် မူထိုက်၏၊ လောကဿ=လောကနေသူ နတ်လူ ဖြဟ္မာ

အပေါင်း၏။ အနုတ္တရံ=အတုမဲ့ ကောင်းမြတ် သုံးသော၊ ပုညက္ခေတ္တံ=ကောင်းမှု ပြုလုပ်ရာ ဖြစ်၏၊ ဣတိ ဣမေဟိ ဂုဏေဟိ= ဤသို့သော ဂုဏ်တော် အပေါင်းတို့နှင့်၊ သမန္နာဂတံ= ပြည့်စုံတော်မူသော၊ သံဃံ= မဂ္ဂဋ္ဌာန် ဖလဋ္ဌာန် ရှစ်တန်သော အရိယာ သံဃာတော်ကို၊ သိရသာ=ဦးသိပ်ဖြင့်၊ အဘိ=အလွန်နိပ်သည်၊ ဝန္ဒာမိ=ဂုဏ်၌ ကြည်ညို သဒ္ဓါ ကိုယ်ဖြင့် ရှိသေမြတ်နိုး ရှိခိုးပါ၏, ဘုရား။

## သံဃာ့ ဂုဏ်တော် အဓိပ္ပါယ်ကျဉ်း

သံဃာတော့် ဂုဏ်တော်များတွင် သုပ္ပဋိပန္န စသော ပဋိပန္န လေးမျိုးဖြင့် ဘုရားရှင်၏ တပည့်သား သံဃာတော်၏ ကျင့်နည်း ကျင့်ထုံး လေးမျိုးကို ပြဆို၏၊ ၎င်းဖြင့် သောတာပန် စသော အရိယာ ပုဂ္ဂိုလ် အသီးသီးကို မချ သိရ၏, ပဋိပန္န မြောက် ကျင့် ဆောင်သော ပုထုဇ္ဇန် သံဃာကိုလည်း တဒင်္ဂမျှပစ္စာ၏ အားဖြင့် သိရ၏၊ မှန်လှ၏, လူရင် မဟုတ် မပျ, မည်သူမဆို ပဋိပန္နလေးပါးနှင့် ပြည့်စုံသူ အကျင့် သိက္ခာရှိသူ ကျင့်သူသည်သာ သံဃာ မည်ထိုက်၏၊ ထို့ကြောင့် သုပ္ပဋိပန္နော ဘဂဝတော သာဝက သံဃော ဟု ဆိုလေသည်၊ ယာနိ စတ္တာရိ စသော စကားဖြင့် ဆိုခဲ့တိုင်း အရိယာ အစု လေးဦး ဖြစ်၍, သရုပ်အားဖြင့် ပုဂ္ဂိုလ် ရှစ်ယောက်ဖြစ်သည်ကို ပြဆို၏၊ ၎င်းဖြင့်ပင် ပဋိပန္န ၄ မျိုးမှာ သောတာပန် စသော ပုဂ္ဂိုလ် ၄ ဦးတို့၏ အစဉ်အတိုင်း ကျင့်ထုံး ဖြစ်ကြောင်း သိစေလေသည်၊ 'ဧသ ဘဂဝတော သာဝက သံဃော' ဟူသော

စကားဖြင့် သို့ ဆိုခဲ့ပြီး လေးမျိုး လေးစား ကွဲပြားသည့် ကျင့်နည်း ကျင့်ထုံးအတိုင်း လိုက်နာကျင့်ကြံသူ များသည်သာ ဘုရား၏သား သံဃာတော်များ ဖြစ်သည်ကို ပြဆို၏၊ ဘုရားသား သံဃာတော်သည် ဤသည့် ထုံးနည်း အတိုင်းသာ လိုက်နာ ကျင့်ဆောင် ရကြောင်း ကိုလည်း သိစေ၏၊

ဤစကားဖြင့်ပင် ဗုဒ္ဓ အယူမှ တပါးသော ဘာသာဝါဒ တို့၌ ဤသို့သော ကျင့်ဝတ်နှင့် ကျင့်ကြံသူများ ရှိကြောင်း ဗျတိရေက် အားဖြင့် ပြ၏၊ ထို့ပြင် သာသနာတော်တွင်း၌ ရဟန်းသာမဏေ၏ ဖြစ်စေကာမူလည်း သုပ္ပတိပန္န စသည် ကျင့်ထုံးအတိုင်း မလိုက်နာခဲ့လျှင် ဘုရားသား သံဃာစစ် မဟုတ်ကြောင်း ပြဆို၏၊ လူ-ဥပါသကာ ဥပါသိကာတို့ ဖြစ်စေကာမူလည်း ပဋိပန္န ကျင့်ထုံးကိုကျင့်ဆောင်လျှင် ဘုရား၏ ကပည့် သံဃာပင် ဆိုထိုက်ကြောင်း, တဒ္ဓမ္မူ ပစာရ်အားဖြင့် သိစေ၏၊ အာဟုနေယျ စသော အကျိုး ဂုဏ်များဖြင့် သုပ္ပတိပန္န စသောကျင့်ပုံ ကျင့်ထုံး အတိုင်း လိုက်နာ ကျင့်ဆောင်သည့် ဘုရားသား သံဃာတော်များ၏ ရရောက်ခံစားထိုက်သော အခွင့် အရေးများကို ပြဆို၏၊ ၎င်းတို့တွင် ပဋိပန္န လေးမျိုး အစဉ် အတိုင်း အာဟုနေယျ စသော အကျိုးများကိုလည်း သိသင့် လေသည်၊ အနုတ္တရ ပုညက္ခေတ္တံ လောကဿ ကိုကား ၄ မျိုးစုံ ပုံဆိုင် အကျိုးဟု သိအပ်၏၊ ၎င်းဖြင့် ကမ္မဿကတဉာဏ် အရင်း ခံ၍ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ စသော သရဏဂုံ အတွင်းဝင် ဗုဒ္ဓ ဘာသာတို့အတွက် သံသရာ ခရီး ရိက္ခာ အပ်နှံ

ရှဆောင်း ထားသိုရာ Saving Bank ငွေစု ဘဏ်တိုက်ကြီးကို ပြ၏၊ ဘာသာခြားတို့မှာကား ဤဘဏ်တိုက်ကြီးမျိုး မရှိကြကုန်။

## ပတိပန် လေးမျိုး အဓိပ္ပါယ်

**အဓိ** ဓိပ္ပါယ်ကား, 'ဘုရားရှင်၏ တပည့်သား သံဃာတော်တို့သည် **သုပ္ပတိပန္န** စသော ကျင့်ဝတ် လေးမျိုးနှင့် ပြည့်စုံတော်မူကြကုန်၍ **အာဟုနေယျ**စသော ငါးမျိုးသော ပူဇော်မျိုးကို ခံထိုက်ကုန်၏၊ ဤကား အကျဉ်းဆုံးမှတ်ဖွယ်, အကျယ် ဤသို့ ဖြစ်၏၊ ထို ၄ မျိုးတွင် **သုပ္ပတိပန္နော**= ကောင်းမွန် မှန်ကန်စွာ ကျင့်တော်မူ၏၊— ဟူသည်ကား ဘုရား သားတော် များသည် သံသရာ ဝဋ်မှ ထွက်မြောက်ကြောင်းကိုသာ ကျင့်တော်မူကြလေသည်၊ မိမိတို့ အလားအမျှသူတို့ ကောင်းစေရန် ကောင်းစာ လိုက်စေရန် ကျင့်ဆောင်တော် မူကြသည်၊ မသိ နိုးနားသည့် လောကသားတို့အား လောကကြီး အကြောင်း, လောက နေသူတို့ အကြောင်း, ၎င်းတို့ ပြုလုပ်သမျှ ကောင်းမှု ဆိုးမှု အလိုက် ဘုံ အထူးထူး၌ ဖြစ်ပွါး ခံစားရပုံ အကြောင်း,- ဤသို့ အားဖြင့် **ကမ်**၏ လမ်း စခန်း အတိုင်း လိုက်နာ ဖြစ်ပျက်ပုံ, **ဈာန်**၏ လမ်းစခန်း အားဖြင့် ကျင့်ကြံ၍ ဖြဟ္မာ အမျိုးမျိုး အဆိုးအကောင်း ဖြစ်ရပုံ, ၎င်းတို့မှာ ပဋိသန္ဓေ တည်နေရရေး ဒိုနာသေရေး ဘေးအစားစားမှ မလွတ်ကြရပုံ,ထိုသည့် လောက ဒုက္ခကို ဉာဏ်လမ်း စခန်းဖြင့်သာ

လွန်မြောက်နိုင်ပုံကို ညွှန်ပြ၍ လောက နေသူတို့ကောင်း မွန်ရေး အတွက် ကျင့်ဆောင်တော်မူကြလေသည်။

**ဥဒါဟုတ် ပန္နော—** မြောင့်မတ် ကောင်းမွန်စွာ ကျင့်တော် မူ၏၊-ဟူသည်ကား ဤ ကမ္ဘါသား ကမ္ဘါသူ နတ် လူ တို့ သည် ဤ ကမ္ဘါလောကကြီး အတွင်း၌ ပါဝင်သည့် လူ နတ် ဗြဟ္မာ အဖြစ်, ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ် အဖြစ် စသည် အမျိုးမျိုးသော ဘုံ- ဘဝ- ဇာတ်တို့တွင် အထပ် ထပ် ဖြစ်ရရန် အပတ်ပတ် အလည်လည် ဖြစ်ရရန်, ဤ လူ နတ် ဗြဟ္မာ အပါယ် ဘုံ- ဇာတ်- ဘဝတို့တွင် တစဲ လယ် လယ် ဖြစ်ကြရန် ထိုထို ကောင်းမှု ဆိုးမှုကို သာ ပြုလုပ် နေကြကုန်၏, ထိုသည့် ဘုံ-ဘဝ-ဇာတ်တို့မှ လွတ်လပ် နိုင်သည် ဟု မျှ မသိကြကုန်၊ ဘုရား၏ သားတော်တို့ကား ဤသို့ မဟုတ်ကုန်, ဤသံသရာကြီးမှ လွန်မြောက်ရန် ဤဒုက္ခ လောကကြီးကို လွန်မြောက်၍ သုခစစ် နိဗ္ဗာန်သို့ ရောက် ဆိုက်ရန်ကိုသာ ရည်ညွှန် ထား၍ မဂ္ဂင် ၈စ်ပါးလမ်း အ တိုင်း သာ လိုက်နာ ကျင့်ဆောင်ကုန်၏၊ ဒုစ္စရိုက် ဆိုင်ရာ အကုသိုလ် ကျင့်သမ်းများကို ပစ္စက္ခတွင် လိုအင် ဆန္ဒ ပြည့် ဝ၍ ကောင်း၏ ဟု ထင်မှတ်ရစေကာ, ပစ္စက္ခ၌ ပင် ဘေး ဒုက္ခ အမျိုးမျိုးကို ရစေလျက် သံသရာတွင် အပါယ် ဘေး ဆိုး အမျိုးမျိုး ဆင်းရဲကို ရရောက်စေတတ်ရကား လမ်း ကောက် လမ်းမှား အကျင့် ဟု သိတော်မူကုန်၏၊ ထိုမှ တပါး သုစရိုက် ဆိုင်ရာ ပုညကြိယာများကိုလည်း ပစ္စုပ္ပန် တမလွန် ကောင်း ဖြစ်ရစေကာ, ဤဒုက္ခ-ဘုံမှ လွတ်ထွက် နိုင်ကြောင်း မဟုတ်, စင်စစ်ကား ဒုက္ခ လောကသို့ သာ

အဖန်ဖန် ကျရောက်လျက် ချမ်းသာ့ထက် ချမ်းသာကိုသာ လိုလားသဖြင့် ဒုက္ခအားကို သာ ဖြစ်စေ တတ်သည် ဟု သိတော်မူကုန်၏၊ ထို့ကြောင့် ဘုရားသားတော်တို့သည် ဒုက္ခလမ်း သုခလမ်း ၂ မျိုး လွန်မြောက် သံသရာ ထွက် ရပ်ပေါက် မဂ္ဂင် ၈ပါး လမ်း စခန်းကို ဖြောင့်မတ်စွာ ကျင့်ဆောင်တော်မူကုန်သည်။

**ဉာယ ပ္ပတိ ပန္နော**=နည်းမှန် သင့်ထုံး ကျင့်တော်မူ၏၊- ဟူသည်ကား မိမိ ကိုယ်ကို စိတ်ကို များစွာ ပင်ပန်း ဆင်းရဲစေ၍ အကျိုးရှိမဲ့ မစဉ်းစားပဲ, ဒုက္ခ ရကြောင်း ဖြစ် သလော? သုခ ရကြောင်းဖြစ်သလော? သုခ ရသော်,မည် မျှ ရမည်နည်း? စသည့် အဆင်အခြင် မရှိ,အလောတကြီး မကျင့်ဆောင် မလိုက်နာကုန်၊ ထို့ပြင် မိမိ ကိုယ်စိတ် မပင်ပန်း ချမ်းသာ ရစေကာ, ကျင့် ကြံ ပြုလုပ်၍ မည်မျှ ကောင်းကျိုးရှိမည်, မည်မျှ ကောင်းကျိုး ခံစားရပြီး နောက် မည်သို့ ချမ်းသာ ရမည်, သို့မဟုတ် ဆင်းရဲ ရမည် ဟု ဆင်ခြင် ချိန်စက်၍သာ ကျင့်ဆောင်, ကုန်သည်, ချမ်းသာ ရကြောင်း ဟု အလောတကြီး မကျင့်ဆောင် မလိုက်နာ ကုန်၊ စင်စစ်တမူကား ထိုအကျင့်ဖြင့် ၃၁-ဘဝ-ဆုံး နိဗ္ဗာန် ရောက် သံသရာ ဝဋ်က ထွက်မြောက် ကြောင်း ဟုတ် မဟုတ် စိစစ်၍ လောက ဒုက္ခ လွတ်လပ်ရကြောင်းကိုသာ လိုက်နာကျင့်ဆောင်ကုန်၏၊ ဤသို့ နည်းမှန် ထုံးသင့် ကျင့် ဆောင်ကြသည် ဟု ဆိုလို၏။

ဤ လောကဌ် ကမ္ဗသာကတ ဉာဏ် အမြင်နှင့် ပြည့်စုံ၍ ဒါန သီလ ဘာဝနာ လမ်း စခန်းကို လိုက်နာ ပြုကျင့်သူတို့

သည် မိမိတို့၏ ဒါန စသည့် အတွက် ဘဝ ကောင်းစားရေးတခုကို သာ ရည်ညွှန် ပြုကျင့်ကြကုန်၏၊ များစွာသော လောကသားတို့ကား ဤ ပစ္စက္ခ ဘဝ ကောင်းစားရေးကို သာ အလေးပြုကုန်၍ ရမိရာ အကုသိုလ်မှုကို ပင် ပြုကျင့်ကြကုန်၏၊ ဘုရား သားတော်တို့ကား ပစ္စက္ခ ကောင်းစားရေး အကုသိုလ်ကိုသာ မပြုကျင့်ကုန်သည် မဟုတ်ကုန် ဘဝ သံသရာ ကောင်းစားရေး ကုသိုလ်ကို ပင် လည်း မပြုကုန်၊ စင်စစ်ကား လောကမှ လွတ်မြောက်ရကြောင်းကို သာ ကျင့်ဆောင်ကုန်၏ ဟု ဆိုလို၏။

**သာမိစိပ္ပတိပန္နော**=ရှိသေ လေးနှာစွာ ကျင့်တော်မူ၏၊-ဟူသည်ကား မိမိတို့ ကျင့်ဆောင် လိုက်နာအပ်သည့် ကျင့်ဝတ်များကို လည်း မရှိ မသေ မလေးမစား မပြုလုပ်ကုန်, စင်စစ်ကား ဤအလုပ်သာ ငါ၏ ကိုးစားရာ ဖြစ်၏, ဤ အလုပ် တမြောက်မှ သာ ငါ ရည်ရှူးတိုင်း ပေါက်မြောက်ပြီးဆုံးမည်, လိုအင် ဆန္ဒ ပြည့်ဝမည် ဟု နှိမ့် ကိုးစားရာ ပြုလုပ် ကျင့်ဆောင်ကြကုန်၏၊ ဤလောက၌ မိမိအလုပ် သူတပါးအလုပ်ကို ပြုလုပ်ကြသူ အမျိုးမျိုးရှိကုန်၏၊ ထိုသည့် အလုပ် တို့ကား အလုပ် ပြီးမှ တမြောက်-အောင်မြင်မှ မိမိတို့ စားရေး ဝတ်ရေး လှူရေး တာန်းရေး ဂုဏ်သိရေ ရရေး လူ ရိုသေရေး အရပ်ရပ် ပြည့်စုံသည့် အခြေအနေသို့ ရောက်ကုန်မည်ဟု အလုပ်အတွက် အကျိုးထွက် အရသာကို သိမြင်၍ ထိုအလုပ် မပျက်စီးရန် လေးကန် ဖင့်နွှဲးမရှိရန် အောင်မြင်ပြီးစီးရန် ရိုသေ လေးစားစွာ လုပ်ကိုင်ကြသည့် အမျိုးကောင်း သားတို့ ရှိကုန်၏။

ထို-သူတို့သည် ထိုသို့ လုပ်ကိုင်ခြင်းဖြင့် ပင် အလုပ် အကျိုးကို ရရှိကုန်၍ မိမိတို့ ကိုယ်ကို ချမ်းသာ စေကုန်၏၊ ဆွေမျိုးတို့အား ထောက်ပံ့ ကူညီကုန်၏, ကျောင်းကန် စသည့် ကောင်းမှု ပြုလုပ်၍ နတ်ရွာ သုဂတိ လမ်းကို သုတ်သင် သွယ်ဖေါက်ကုန်၏၊ အိမ်နီးချင်းကို ရိုသေစေကုန်၏၊ မိမိ၏ ဂုဏ်အသရေကို အပြည့်အစုံ ရရှိစေကုန်၏၊ ထို့နည်းတူ ပင် ဘုရားသား သံဃာတော် တို့သည် လည်း မိမိတို့ ကျင့်ဝတ်ဖြင့် မိမိအကျိုး ရရန် လူ ရိုသေရန် မထေမဲ့ ကင်းရန် ကျင့်ဆောင်ကုန်၏။

(ဤကား ဗုဒ္ဓဘာသာဝင်တိုင်း၏ ယထာရဟ ကျင့်ဝတ်။)

## ကျင့်နည်းနှင့် အကျင့် ဝေဖန်ချက်

**ယင်း**သည့် ကျင့်ဝတ်များကိုလည်း **သစ္စ**= ကိုယ်နှုတ်စိတ် **၃** ပါး မှန်ကန် ဖြောင့်မတ်စေခြင်း, ဓမ္မ= မိမိတို့ ကျင့်ဝတ်၌ **မ**ပျက် မကွက် လိုက်နာခြင်း, ဓိတိ= ထို ဝတ်တရားမှ မည်သို့ အကြောင်းနှင့်မျှ မလွဲ မဖယ် တည်တန့်ခြင်း, စာဂေါ= ထိုကျင့်ဝတ်၌ တည်၍ စွန့်စား ကျင့်ဆောင်ခြင်း ဟူသော ကိစ္စပြီးကြောင်း လေးမျိုး တို့၌ တည်၍ သာ ကျင့်ဆောင်တော် မူကုန်၏၊ အမှန် မူကား **သုပ္ပတိပန္န**=ဟူသည် သောတာပန်၏ ကျင့်ဝတ် ကျင့်ထုံး တည်း၊ မှန်လှ၏, ငင်းသည်သာ ကောင်းမွန် မှန်ကန်စွာ ကျင့်နိုင်၏၊ ယုံမှား ပယ်ဖျောက်ပြီး ဖြစ်သောကြောင့်တည်း။ **ဥဇုပ္ပတိပန္န**=ဟူသည် သကဒါဂါမ်၏ ကျင့်ဝတ်ကျင့်ထုံး တည်း၊ မှန်လှ၏, ငင်းသည် သာ ဖြောင့်မတ် တည့်မှန်စွာ

ကျင့်ဆောင်နိုင်၏, ကာမ အဝေ့အသက် နည်းပါး သော ကြောင့်တည်း၊ **ဉာယ ပ္ပတိ ပန္န** ဟူသည် အနာဂါမ်၏ ကျင့်ဝတ် ကျင့်ထုံးတည်း၊ မှန်လှ၏, ၎င်းသည် သာ နည်းမှန် ထုံးမှန် ကျင့်ဆောင်နိုင်၏, ကာမ ပလိဗောဓ ပြတ်ပြီးသော ကြောင့်တည်း၊ **သာမိစိ ပ္ပတိ ပန္န** ဟူသည် ရဟန္တာ၏ ကျင့်ထုံးတည်း၊ မှန်လှ၏, ၎င်းသည်သာ ဘုရား၏ အသဘော ကျ သိမြင်၍ ရှိသေ လေးနက်စွာ ကျင့်ဆောင်နိုင်လေသည်၊ ထို့ပြင် **သု ပ္ပတိ ပန္န** ဖြစ်လျှင် **အာဟုနေယျ** ထိုက်၏, **ဥဇုပ္ပတိ ပန္န** ဖြစ်လျှင် **ပါဟုနေယျ**, **ဉာယပ္ပတိပန္န** ဖြစ်လျှင် **ဒက္ခိနေယျ**, **သာမိစိပ္ပတိ ပန္န** ဖြစ်လျှင် **အဉ္ဇလီကရဏီယ** ထိုက်၏၊ ဤသည့်ကျင့်ထုံး လေးမျိုးစုံ အတွက် **အနုတ္တရံ ပုညက္ခေတ္တံ လောကဿ** ဖြစ်သည်ဟု သိသင့်၏။

## ပတိဂ္ဂဟဂုဏ် အဓိပ္ပါယ်

အာ ဟုနေယျ စသည် ပတိဂ္ဂဟ ဂုဏ် လေးမျိုးတို့တွင် **အာဟုနေယျော**= ရှေးရှု အပူဇော်ကိုခံတော်မူထိုက်၏- ဟူသည်ကား စိတ်ထား ရှေးရှုပြုခြင်း, နှုတ်ထား ရှေးရှုပြုခြင်း, **ကိုယ်**အားဖြင့် ရှေးရှုပြုခြင်း-ဤ ၃ မျိုးသော ရှိသေခြင်းတို့ကို ပြည့်စုံစွာ ပြုလုပ်၍ ကောင်းမွန် မြိန်မြတ်စွာ ပြင်ဆင် ပြုလုပ်အပ်သော အလှူကိုအပူဇော်ကို ခံထိုက်လေသည်၊

အကြောင်းကား ထိုသံဃာတော်သည် **သုပ္ပတိ ပန္နော**= ကောင်းမွန် မှန်ကန်စွာ ကျင့်တော်မူလေသတည်း၊ **ပါဟု နေယျော**=အထူးထူး အပြားပြား ရှေးရှုကော်ရော် ပူဇော်

သည်ကို ခံတော်မူထိုက်၏၊- ဟူသည်ကား ထိုသို့သော ကောင်းမွန်စွာ ပြင်ဆင် အပ်သည့် အလှူ အပူဇော်ကိုလည်း တမျိုး တစား တည်းသာ မဟုတ်, အမျိုးမျိုး အထွေထွေ အရေအတွက် မရကောင်း အောင် မြောက်မြားစွာသော လှူဒါန်း ပူဇော်ဖွယ်တို့ကို ကိုယ်နှုတ်စိတ် ၃မျိုးစုံ ရှိသေခြင်း ဖြင့် အလှူဒါန်း အပူဇော်ကို ခံထိုက်လေသည်, အကြောင်း ကား- ထို သံဃာတော်သည် **ဉာယပ္ပဋိပန္နော**= ဖြောင့်မတ် ကောင်းမွန်စွာ ကျင့်ဆောင်တော် မူလေသတည်း။

**ဒက္ခိဏေယျော** = မြင့်မြတ်သော အလှူကို ခံတော်မူ ထိုက်၏၊-ဟူသည်ကား မိမိ၏ အတွက် ပစ္စက္ခကျိုးကိုရင်း, တမလွန်ကျိုးကိုရင်း,နိဗ္ဗာန် အမြတ် ပရမတ် အကျိုးကိုရင်း, တောင့်တ၍ ရှိသေသမှု ပြုလုပ် လှူဒါန်းသည့် အလှူ အပူ ဇော် ကြေးတန်ကိုပင် ခံထိုက်လေသည်။

အကြောင်းကား ထိုသံဃာတော်သည် **ဉာယပ္ပဋိပန္နော** နည်းမှန် တိုးသင့် ကျင့်ဆောင်တော်မူလေသတည်း၊

**အဉ္ဇလိကရဏီယော**=လက်အုပ် ချီမိုး ရှိခိုး ပူဇော်သည် ကို ခံတော်မူထိုက်၏၊ ဟူသည်ကား ဆိုခဲ့သည့် ပစ္စက္ခကျိုး တမလွန်ကျိုး နိဗ္ဗာဏ်အမြတ် ပရမတ် ကောင်းကျိုးကို တောင့်တ လှူဒါန်းသော အလှူ ကြေးတန်ကို ခံထိုက်ရုံ သာ မဟုတ်သေး, စင်စစ်ကား ရှိသေ ကျိုးနွံသည့် အထိန်း အမှတ် ဖြစ်သော လက်အုပ်ဖြင့် တုပ်ဝပ် ရှိခိုးခြင်းကို ပင် ခံတော်မူထိုက်လေသည်, အကြောင်းကား ထိုသံဃာတော် သည် **သာမိစိ ပ္ပဋိ ပန္နော**=ရှိသေ လေးနာစွာ ကျင့်ဆောင် တော်မူလေသတည်း။

**အနုတ္တရံ ပုညက္ခေတ္တံ လောကဿ** = လောကနေသူ နတ် လူ ဗြဟ္မာ အပေါင်းတို့၏ အတုမဲ့ အကောင်းမြတ် ဆုံးသော ကောင်းမှု ပြုလုပ်ရာ ဖြစ်၏၊- ပယူသည့်ကား ဘုရားရှင်၏ တပည့်သား သံဃာတော်သည် **သုပ္ပဋိပန္န** စသော ကျင့်ဝတ် ကျင့်ထုံး ၄ မျိုးနှင့် ပြည့်စုံ လုံလောက်သည့် အတွက် လောကနေသူ လူ နတ် ဗြဟ္မာတို့၏ အတုမဲ့ ကောင်းမွန် မြွန်မြတ်သော လှူဒါန်းရာ ပူဇော်ရာ မြတ်နိုးရာ ရိုသေရာ, လှူဒါန်းပူဇော် မြတ်နိုး ရိုသေ၍ အကျိုး ကောင်းကောင်း ထွန်းကား ပြန့်ပွါး စည်ပင်ရာ ဖြစ်သည်၊-ဟု ဆိုလို၏။

ဤလောက၌ ကောက်သီး ကောက်နှံတို့၏ ဖြစ်ပွါးရာ, လယ်ယာကောင်း မည်သည်ရှိ၏, ထိုသည့် လယ်ယာ တို့သည် ထွန်ရေး ထွန်သား ကျနခြင်း, မိုးရေ ရှာသွန်း ပက်ဖျန်းခြင်း, လယ်ယာ လုပ်ကိုင်သူတို့၏ ကောင်းစွာ ကြည့်ရှုစောင့်ရှောက်ခြင်း-ဤ ၄ မျိုးကို ရခဲ့လျှင်, ၎င်းတို့၌ စိုက်ပျိုးကြဲချသော ကောက်ပဲး-ပြောင်း-လူး-ဆတ် စသည်တို့ကို ကြီးပွါးသန်စွမ်းစေလျက် ကောင်းမွန်ပြည့်ဖြိုးသော အသီးအနှံကို ထွက်ပေါ် ဖြစ်ပွါးစေ၏၊ ကောက်တပင်မှ ဆယ်ပင်ခန့် ပွါးစီး၍ တပင် တနှံကျ, တနှံလျှင် အသီး ၂၀၀ ကျဖြစ်ပွါးသဖြင့် စပါးတစေ့မှ အစိပေါင်း ၂၀၀၀ အထိ တိုးတက် ဖြစ်ပွါးစေနိုင်၏၊ သံဃာတော်ကား ဤသည့် ကောင်ခင်း လယ်ယာကောင်းတို့ထက် အဆပေါင်း များစွာ သာလွန် ပိုမိုသော အကျိုးကို ဖြစ်ပွါး စေနိုင်လေသည်၊ ထို့ကြောင့် **အနုတ္တရံ ပုညက္ခေတ္တံ လောကဿ** ဟု ဘုရားဟောတော် မူလေသည်။

# သံဃာ့ဂုဏ် ကျင့်ထုံးနှင့် သုံးစွဲထုံး

ညွန်ပြခဲ့တိုင်း သံဃာ၏ ဂုဏ်တော် အဓိပ္ပါယ်များကို သိရ သဖြင့် ထို သံ ဃာ တော် များမှ မိမိတို့ ကောင်း ကျိုး ကို ပြုလုပ် လိုသော ဥပါသကာ တကာ တကာမ ရှင်ရဟန်း တို့သည် ထိုသည့် ဂုဏ်တော် ပါဠိ အနက်ကို နှုတ်တက် ရွရွ အရ လေ့လာပြီးလျှင် ထိုဂုဏ်တော်များကို ရွတ်ဆို ရှိခိုးသော်, အဖန်ဖန် ရှိခိုးသော်, စိတ်တွင် တား၍ အောက်မေ့ ပွါးများသော်, အဖန်ဖန် နှစ်လုံးထား ပွါးများခဲ့သော်, သံဃာတော်၌ ကြည်ညို လေးစားခြင်းများ၍ စိတ်ထား ကြည်လင်သဖြင့် မိမိစိတ် သန္တာန်၌ ဘေးဥပါဒ် ကပ်ရောဂါ၏ အခြေတယ် ဖြစ်သော အကုသိုလ်ကမ်ဆိုး ကမ်ဝါးများမှ လွတ်ကင်းလျက်, မင်္ဂလာ အသရေကို ဖြစ်စေတတ်သည့် ကုသိုလ် တရားများ စည်ကား ညွန့်လမ်း စိမ်းစိုသောကြောင့် ထိုထို ရှေးဟောင်း ကုသိုလ်ပေါင်းတို့ ကောင်းမွန်စွာ အကျိုးပေးခွင့် ဆိုက်သဖြင့် ရတနာပုံ အမြဲ တိုက်လေရာသည်၊ ထို့ပြင် သံဃာတော်အား ထိုသို့သော ဂုဏ်များကို ဆင်ခြင်၍ တစုံတရာ လှူဒါန်း ခဲ့သော်, အတိုင်း မသိ တိုးတက် ပွါးစီးသော ကောင်းကျိုးကြီး ဖြစ်ပေရာ၏၊ မှန်လှ၏, လောကသာ-လောကသားအပေါင်း၏၊ အနုတ္တရံ-အတုမဲ့ မြင့်မြတ်သော၊ ပုညခေတ္တံ-ကောင်းမှု ပြုလုပ် ဖြစ်ပွါးရာ တည်း-ဟု ဘုရား တောတော်မူလေပြီ၊

ဤသံဃာတော် ဂုဏ်၌ ပညာရှိတို့ ညွှန်ပြ သုံးစွဲထုံး မရှိ, သို့သော်, ဂုဏ်တော်ကို ယုံကြည် ကိုးစားသောသူတို့မှာ ရတနာ ၃ပါး၌ ကိုးစားဆည်းကပ်သော ဥပါသကာတို့သာ ဖြစ်သောကြောင့် မိမိတို့ ဥပါသကာ့ ဝတ်တရားအတိုင်း လှူရေး တန်းရေး သီလ သီတင်း ကျင့်သုံးရေး ကမ္မဋ္ဌာန်း ဘာဝနာပွါးစီးရေး များကို ပြုလုပ်လျက် ရှိကြသောကြောင့် ထိုသို့သော မိမိတို့ ကျင့်ဝတ်များဖြင့် အလိုအလိုက် တောင့်တပြုလုပ် ပွါးများခွင့် ရှိလေသည်၊ ထို့ကြောင့် သုံးစွဲလိုသူတို့ သုံးစွဲကြစေရန် သံဃာ့ဂုဏ် သုံးစွဲထုံးကို ညွှန်ကြားအပ်၏၊-လက်ဦးဆုံး ဥပါသကာ ဥပါသိကာတို့ ပြုလုပ်မြဲ ဒါန သီလ စသော ပုညကြိယာတို့ကို ဘုရား အရိယာသူတော်စင်တို့၏ ပြုလုပ်ရိုး ဝတ်တရားများ သူတော်ကောင်းတို့ကျင့်ရိုး ကျင့်ထုံးများ ဖြစ်ကြောင်း,ထိုကျင့်ဝတ် အတိုင်း မိမိတို့ လည်း လိုက်နာကျင့်ကြံ သူတို့ဖြစ်ကြကြောင်း မှတ်ရမည်၊ ထို့ကြောင့် မိမိတို့ ပြုလုပ်သည့်တစုံတခုသော လှူမှုတန်းမှုကို,အယုတ်ဆုံး,နေ့စဉ်လောင်းလှူမြဲ ဆွမ်းနှင့် ဆွမ်းဟင်း ကုသိုလ်ကိုပင် ဖြစ်စေ, ရည်သန် ရိုးရင်း၍ သုပ္ပဋိပန္န, ဥဇုပ္ပဋိပန္န, ဉာယပ္ပဋိပန္န, သာမီစိပ္ပဋိပန္န ဂုဏ်များကို မိမိတို့ လုပ်အားနှင့် ချိန်ဆ ပွါးများရာ၏။

သို့ပွါးများသော်, မိမိတို့လည်း ဘုရား အရိယာတို့၏ သုပ္ပဋိပန္န စသော ကျင့်ဝတ် ကျင့်ထုံးများနှင့်ထိုက်သည့် အလျောက် ပြည့်စုံသောကြောင့် အာဟုနေယျ စသော အကျိုးဂုဏ် များကို ခံစံခွင့် ရှိသူတို့ ခံစံထိုက်သူ ရပိုင်

ထိုက်သူတို့ ဖြစ်နိုင်ကုန်၏၊ မှန်ကန်လှ၏, သုပ္ပဋိပန္နော-ကောင်းမွန် မှန်ကန်စွာ ကျင့်ဆောင်သော စသည် ဆိုချက်မှာ မိမိတို့ဆိုင်ရာ ဝတ်တရားများကို ကောင်းစွာ လိုက်နာကျင့်ဆောင်ခြင်း စသည်ပင်ဖြစ်လေသတည်း၊ အကြောင်းကား ဘဂဝတော ပုဉ်းတော်ကြီး သခင် ဘုရားရှင်၏၊ သာဝက·သံဃော-တပည့်သားသံဃာတော်ဟူသည် အရ † ဥပါသကာ ဥပါသိကာ ဖြစ်ကြသည့် မိမိတို့ လည်း တန္ဒမ္ဘူ ပစာ၍အားဖြင့် ပါဝင်သူတို့စင်စစ် ဖြစ်ကုန်ရကား တရားသဘောအားမှန်အားဖြင့် အာဟုနေယျစသောအကျိုးများ မမှားနိုင်သော ခံစံခွင့် ထိုက်သူတို့ ဖြစ်ကုန်သတည်း။ ထို့ကြောင့် ဗုဒ္ဓသာသနာဝင် မှန်က မည်သူမဆို, ဒါနအစရှိသော ပုညကြိယာတို့ကို လိုက်နာ ပြုကျင့်သော်, ထိုသို့ပြုသော အမှုသည် တနည်းနည်းအားဖြင့် ပဋိပတ်ပင် ဖြစ်၏၊ ၎င်းကို သုပ္ပဋိပန်စသော ဂုဏ်မြောက်အောင် ပြုလုပ်ကျင့်ဆောင်လျှင် မုချ အာဟုနေယျ စသောအကျိုးများကို မမှားနိုင် ထိုက်သည် ဟု မှတ်။

---

† မှတ်ချက်၊- ဥပါသကာ တကာ တကာမတို့သည် သာဝက သံဃာပင် ဖြစ်ကြကုန်၏၊ သို့ရာတွင် ဘိက္ခု ဘိက္ခုနီ သံဃာကား မဟုတ်ကုန်၊ ထို့ကြောင့် အာဟုနေယျ စသည်ကို ယထာရဟ ထိုက်ကြကုန်၏။

## ၅။ ရတနာ သုံးပါး၏ တန်ခိုး

ဤနေရာ၌ ဘုရား တရား သံဃာ ရတနာ ၃–ပါး၏ တန်ခိုးကို သုတ္တ နိပါတ် ရတနသုတ်လာ ဘုရား ဟော ဂါထာဖြင့် ထင်ရှားစွာ ဖော်ပြ ပေါ်လွင်စေအပ် သတည်း။—

ယံ ကိဉ္စိ ဝိတ္တံ ဣဓဝါ ဟုရံဝါ,
သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ၊
န နော သမံ အတ္ထိ တထာဂတေန,
ဣဒံ ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊
ဣဒံ ပိ ဓမ္မေ ရတနံ ပဏီတံ၊
ဣဒံ ပိ သံဃေ ရတနံ ပဏီတံ။

★ ဣဓ ဝါ=ဤလူ့ ပြည် လူ့ ဘုံ၌၎င်း၊ ဟုရံ ဝါ=မြေအောက် တလွား နတ် နဂါးတို့ ဘုံ၌၎င်း၊ သဂ္ဂေသု ဝါ=နတ်ပြဟ္မာတို့ ၆ ရွာ ၂ဆယ် ကျယ်ပျံ့များပြားသည့် ဘုံတို့၌၎င်း၊ ယံကိဉ္စိ= အမျိုးအစား မြောက်မြားလှစွာသော၊ ယံ ရတနံ=အကြင် ရွှေ ငွေ စိန်ကျောက် စသော ရတနာ မည်သည်၊ ဝိတ္တံ= နှစ်သက် ရွှင်ပျ ဟာဒယ ရွှင်ကြည်ခြင်းကို ဖြစ်စေတတ် ရကား၊ ပဏီတံ= တောင့်တအပ်၍ မွန်မြတ်လှ၏၊ နော= ထိုသို့ တောင့်တအပ်၍ မွန်မြတ်စေကာမူ လည်း၊ တထာ ဂတေန=အမှန်လမ်းသို့ရောက်ဆိုက်သော, ဝါ လမ်းမှန်ကို သိမြင်သော ဘုရား တရား သံဃာရတနာ ၃ မျိုးနှင့်၊ သမံ= အတူ အမျှ ရွှင်ပျခြင်းကို ဖြစ်စေနိုင်အောင် မွန်မြတ်သော ရတနာမည်သည်၊ န အတ္ထိ=မရှိပချေ၊ ဣဒံပိ=ဤအချက်သည်

လည်း၊ ဗုဒ္ဓေ=လောက ထွတ်ထား ဘုရားရှင်၌ ဓမ္မေ=လောက ကောင်းအား ပျံ့ကျယ်ပွါးသည့် တရားတော်၌၊ သံဃေ=ကောင်းမှုစားစား တိုးပွါးတတ်ရာ သံဃာတော်၌၊ ပဏီတံ= တောင့်တအပ်၍ မွန်မြတ်လှစွာသော၊ ရတနံ= ရတနာစစ် ဖြစ်လတ်သတည်း။

တိုက်ရိုက် ဆိုလိုရင်းကား "ဘုရား တရား သံဃာ ဤရတနာ ၃ ပါးသည် နဂါးပြည် လူ့ပြည် နတ်ပြည် ဗြဟ္မာ့ပြည်တို့၌ ရှိသော ရွှေ ငွေ ကျောက် စိန် ပတ္တမြား စသော ရတနာတို့ထက် မွန်မြတ်သည်" ဟု ဆိုလို၏၊ ထိုစကားဖြင့် ဤလောက၌ လေးကျွန်းလုံးကို အစိုးရသော စကြာမင်း၏ စည်းစိမ်ကို ပေးစွမ်းနိုင်သည့် ဝေဟာသင်္ဂမန အာကာသလေယာဉ် ကောင်းကင်သွား စကြာရတနာမည်သည် ထင်စွာရှိ၏၊ ထိုသည့် စကြာစည်းစိမ်ကို ပေးနိုင်သော စကြာရတနာ့ထက်ပင် မြင့်မြတ်လေသေးတုံသလား? ဟု အဝါးမဝသောသူတို့ စဉ်းစားဖွယ်ရှိ၏၊ ဗုဒ္ဓဘာသာ တရားအရ အဆမတန် မြင့်မြတ်လှသော ဘုရား တရား သံဃာ ဤရတနာ ၃-ပါးနှင့်ကား ဆေးတစိသားလောက် ခန့်မျှသော ထိုသည့် စကြာ ရတနာစုတ်က ဂုဏ်ထုတ်၍ တုပ နိုင်းယှဉ်ဖွယ်မရှိ, သိစရာ ကေန်ကား ဗုဒ္ဓသာသနာတော်သားရှင်ငယ်ငယ် တပါးကို အစားကောင်း တထပ် ဆွမ်းတနပ်ကျွေးမွေးသော ဒါနသည် ပင် ရာဇ ရာဇဉ်း စကြာမင်းစည်းစိမ်ပေး ကြေးတန်သည့် ထိုရတနာနှင့် ပမာတူ စံပြုလျှင် မတုပနိုင် ကွာလမ်း၍ အယက်တန်း ဗြဟ္မာ့နယ်နှင့် အပါယ်ကို စံပြုသို့, အမှုတူ ဖြစ်လေသည်။

အကြောင်းသော်ကား ကြီးမား လှသည့် ထင်ရသော ထိုသည့် စကြာ ရတနာနှင့် စကြာစည်းစိမ်မှာ ထိုသို့သော ဒါနသွမ်း ကျေးမှု ကိစ္စမျှဖြင့် အဆပေါင်း အရာ မက, ရရောက်နိုင်ရန် စွမ်းပကား ရှိလေသည်၊ မှန်ကန်လှ,သင့် မြတ်လှပေ၏, ဤလောက၌ ကမ္မဿကတဉာဏ်မြင် ကင်းမဲ့သော သဒ္ဓါ ဥန္ဒေ စသည် မိစ္ဆာ အယူ ရှိသူ, ကမ္မဿကတ ဉာဏ်မြင်ရှိ ကမ္မဝါဒီ–ကြိယဝါဒီ ဖြစ်သူ, ဗုဒ္ဓ သရဏံ ဂစ္ဆာမိ အစထားသည့် ဘုရားဝါဒဝင် ဗုဒ္ဓဘာသာ အယူ ရှိသူ ဟု ၃-မျိုး ၃-စား ကွဲလွဲသော ဝါဒခြားတို့တွင်အားလုံးတို့အောက် နောက်ပိတ်ချွေးဆိုရသော သဒ္ဓါ ဥန္ဒေ မိစ္ဆာဝါဒ ရှိသူ လူသာမန် လူဖြစ်ဆန်းတို့၏ ဖြစ်ကတတ်ဆန်း တဏှာ-ပေမ, ဂေဟဿိတ–ပေမ မိတ္တ-သန္ထဝ-ပေမ, ကရုဏာ–ပေမ မျိုး သက်သက်ဖြင့် လင်က မယားအားရင်း,မယားက လင်အားရင်း,အမိ·အဖက သားသမီးအားရင်း, သားသမီးက အမိ·အဖအားရင်း, မိတ်ဆွေ တဦးက မိတ်ဆွေ တဦးအားရင်း,သနား ကြင်နာတတ်သူ တစုံတဦးက လူချင်းမတူ သူချင်း မမျှသူ အိုနာကျိုးကာန်းအားရင်း, ပေးကမ်းမှုကိစ္စသည်ပင် အဆပေါင်းမြောက်မြားစွာသော စကြာစည်းစိမ်ကို ပေးနိုင်သော စွမ်းပကား ထင်ထင်ရှားရှားကြီး ရှိလေသည်။

ကမ္မဿကတဉာဏ်မြင် ရှိသူတို့၏ ကမ်ကမ်၏ အကျိုးကို ယုံကြည် ပြုလုပ်သော ဒါနကိုကား မည်မျှအကျိုးသွားရှိသည်ဟု ခယားစိတ်တွင်းကျ၊ ထုတ်ဟ ဖြွက်ဆိုဖွယ် မရှိ, နိဗ္ဗာန်ထိ ဉာဏ်သွားဖြင့် လောက ၃–ပါးကို မတောင့်တ

လောဘရမ္မက် ငွေကွက်စိတ် အလျင်းမထား ဆင်းရဲးလွတ် ပြတ်သား၍ ဘုရားတရားသံဃာ ရတနာ ၃ပါး၌ကိုးစားသူ တကာ တကာမတို့ ပြုကြသည့် ဒါန အတွက် အကျိုးရ စစ် တွက်ဖို့ မဖြစ်နိုင် ရှိတော့သတည်း၊ အဘယ့်ကြောင့် ဤသည့် ဘုရား တရား သံဃာ ရတနာ ၃ ပါးက ထိုမျှလောက် မြင့် မြတ်ရတုံ သနည်း ? ဟု မေး မူကား, အရေ အတွက် မရ များပြားလှသော ပဒေသရာဇ် ဧကရာဇ် စကြာ အဖြာဖြာ သော နတ်မင်းသိကြားမင်းစသော လောက စည်းစိမ်များ ကို ၃ ပါးသော ရတနာတို့က သာ ဖြစ်ပွါး ရရှိစေတတ် သောကြောင့် ဖြစ်သတည်း၊ ထို့ပြင် ဘုရား တရား သံဃာ ဤ ရတနာ ၃ ပါး ရပ်တို့၌ ပြကပ်ခြင်း လောဘ စသော အညစ် အကြေးများ ကင်းစင်သောကြောင့် ဖြစ်လေ သ တည်း၊ ထို့ပြင် ဤလောက၏ ကောင်းစားရေး မှန်သမျှ ဗုဒ္ဓ ဘာသာ တရားတော်က ပင် ထင်ရှား တည်ထောင် ပေးနိုင်သောကြောင့်တည်း။

ဤနေရာတွင် 'ဤလောက၏ ကောင်းစားရေး မှန်သမျှ ဗုဒ္ဓဘာသာ တရားတော်က ပင် ထင်ရှား တည်ထောင် ပေးနိုင်သော' ဟူသည့် အရ ဗုဒ္ဓဘာသာ-ကုဿ ပြဟ္မနိမ္မာန အယူဝါဒများကဲ့သို့ 'ဘုရားက ချမ်းသာကို ဖန်ဆင်းပေး သည်, ဘုရားမသည်, ဘုရားကယ်ဆယ်သည်, ဘုရားမြတ် စေသည်, ဘုရားက ယုတ်ညံ့စေသည်' ဟူသောအဓိပ္ပါယ်ကို မဆိုလို၊ ဤလောကကြီးသည် မြေ ရေ မလေ မီး စသော ပကတိဓါတ် သဘာဝတို့ ပြုပြင်ခြင်းဖြင့် ၎င်း, ဉာဏ် လုံ့လ တို့၏ ပြုပြင်ခြင်းဖြင့် ၎င်း, ရှေးရှေးက အလေ့အထ အစွမ်း

သတ္တိဖြင့် ငင်း ပြီးစီးတည်တန့် နေလေသည်၊ ထိုသို့ ဖြစ်ရာ စိတ်ကောင်း ဆန္ဒကောင်းရှိသူ ညာဏ်လုံ့လသျှင်တို့၏ ရှေး အထုံ အလေ့ သတ္တိ အလိုက် ပြုပြင်မှု အထောက် အပံ့ကို ရခဲ့သောအခါ ဤလောကကြီးသည် သာလွန်ကောင်းမွန်၏ ထိုသို့ မဟုတ် စိတ်သဘော အလို ဆန္ဒ ဆိုးဝါးသူ ညာဏ် လုံ့လသျှင်တို့၏ ပြုပြင်ခြင်း အထောက်အပံ့ကို ရခဲ့သော အခါဖြစ်ပါမူ ဤလောကကြီးသည် သာလွန် ဆိုးဝါးသော အခြေ၌ တည်နေလေသည်၊ ဗုဒ္ဓဘာသာ တရားကား ယင်း သို့သော ကပ္ပါသူ ကပ္ပါသားတို့၏ စိတ်ဆိုး စိတ်ဝါးကို ပဲ့ပြင်၍ စိတ်ကောင်း စိတ်မြတ်ကို ဖြစ်စေတတ်လေသည်, စိတ်ကောင်း စိတ်မြတ် ဖြစ်အောင် ပြုပြင်ပေးနိုင်လေသည်၊ ယင်းသို့ အားဖြင့် ဗုဒ္ဓဘာသာ တရားသည် ကပ္ပါသားတို့ ကောင်းစားရေးကို တည်ထောင်ပေးလေသတည်း။

## ဘုရား ဘယ်ဟာလဲ ?

ဤ နေရာ၌ ဘုရားမှန် တွေ့ရရန် အနည်းငယ် စစ်ဆေး အပ်၏၊ ဘုရား ဟူသည် အဘယ် အရာနည်း ?၊ ကျွန်ုပ်တို့ တည်ထားကြသော စေတီတော် ပင် ဘုရား လား ?၊ သို့မဟုတ် ရုပ်ပွါး ဆင်းတုတော်များ ပင် ဘုရား လား ?၊ သို့ မဟုတ် ဓါတ်တော် မွေတော်များ ပင် ဘုရား လား ?၊ စေတီတော်သည် ဘုရား မဟုတ်, အုန် ကျောက် စသည်ဖြင့် ပြုလုပ်ထားသော အဆောက်အဦ ဓါတ် မွေ တော်များ ကိန်းနေရာ ကျောင်းတော်သာ ဖြစ်၏၊ ရုပ်ပွါး ဆင်းတု တော် များသည် လည်း ဘုရား မဟုတ်ကြ,

သစ်သား အရုပ် အဂ်တော ကျောက် ရွှေ ငွေ စိန် မြ စသည် ဖြင့် ပြုလုပ် ထားသော ရုပ်တုသာ ဖြစ်၏၊ ဓါတ်မွေတော် တို့လည်း ဘုရား မဟုတ်ကုန်, စင်စစ်ကား ဘုရား၏ သရီရ ဓါတ်တော် အရိုးစုတို့သာ ဖြစ်ကုန်၏၊ ဘုရားစစ် ကား တရား အားလုံးကို အကြွင်းမဲ့ မှန်ကန်စွာ အလိုလို သိနိုင်သည့် သဗ္ဗညုတ အစရှိသော အနန္တ ဉာဏ်တော် သခင် တန်ခိုးတော်ရှင် သံသရာဝဋ်ဒုက္ခမှ ကျွတ်လွတ်ရန် တရားကို ဟောညွှန်တော်မူသော ပုဂ္ဂိုလ်သာ ဖြစ်၏။

## တရား ဘယ်ဟာလဲ ?

တရားတော် ဟူသည် ပိဋက စာပေတွင် ပင် ဖြစ်သလား?၊ က ခ စသော အက္ခရာ ပင် ဖြစ်သလား?၊ ထိုအက္ခရာ အပေါင်း ဖြစ်သော စကား အစဉ် သည် ပင် ဖြစ်သလား?၊ ဘုရား၏ တရားတော်ကား ပိဋကတော်ကို ရေးသား ထားသော ရိုက်နှိပ် ထားသော ပေရွက် အစု လည်း မဟုတ်, ကျောက်ပြား ကြေးပြား သံပြား စက္ကူ စသည် လည်း မဟုတ်, က ခ စသော အက္ခရာများလည်း တရား မဟုတ်, ပေ အစု စက္ကူ အပေါင်းသည်ကား က ခ စသော အက္ခရာ နှင့် ထိုအက္ခရာတို့၏ အပေါင်း ဖြစ်သော စကား ပုဒ် ဝါကျ များ၏ တည်ရာ မျှသာ ဖြစ်၏၊ က ခ စသော အက္ခရာနှင့် ၎င်းတို့၏ အပေါင်းအစု ဖြစ်သော ပုဒ် ဝါကျ အစဉ်တို့သည်လည်း အမှတ် သင်္ကေတ ပြုလုပ်ထားအပ် သော အရာတို့မျှ ဖြစ်ကုန်၏, တရားတော် မဟုတ်ကြကုန်၊ တရားတော် စစ်ကား မဂ် ဖိုလ် နိဗ္ဗာန်နှင့် ၎င်းတို့ကို

ရရောက်ကြောင်းညွှန်ပြသော ဒါန သီလ ဘာဝနာ စသော ပုညကြိယာများ ပေါဓိပက္ခိယ တရားများသာ ဖြစ်၏။

## သံဃာ ဘယ်ဟာလဲ ?

ပုဉ်းတော်ကြီး မြင်သမျှ သံဃာလား ?၊ သင်္ကန်း ဝတ်မှန်သမျှ သံဃာလား?၊ ဓိဓိ ဟူသော သံဃာ အမည်ခံ ပုဂ္ဂိုလ်ဖက်က ဆိုလျှင် မဂ် ဖိုလ် တရားကိုရ၍ သင်္ကန်းအဝတ်ရှိသူသည် သံဃာစစ်တည်း၊ မဂ် ဖိုလ်မရစေကာ, မဂ်ဖိုလ်ရကြောင်း အကျင့် သီလ ရှိသူ သင်္ကန်းဝတ်သည်ကား တဒ္ဒမ္မူပစာရ၏အားဖြင့် သံဃာမည်၏၊ ရိုးရာကျင့်မြဲ ဓမ္မတာ သီလ စသည်ရှိသော လူ အလူ သင်္ကန်းဝတ်သည်လည်း ဒုတိယ တဒ္ဒမ္မူပစာရ၏ အားဖြင့် သံဃာ ပင်မည်၏၊ ပါရာဇိက် သင့်ပြီး သင်္ကန်း ဝတ်ကား သံဃာ မဟုတ်, ဓိဓိအလိုလို သင်္ကန်း ဝတ်သူကား ရှင်တု ရှင်-ယောင်မျှ ဖြစ်၏, သံဃာ မဟုတ်၊ မှန်လှ၏, ၎င်းတို့သည် လတ္တိ အလူ ရဟန်းတို့နှင့် ကမ်ကြီးကမ်ငယ် ပြုလုပ်ခြင်း အားဖြင့် ပေါင်းသင်း ဆက်ဆံခွင့် မရှိကုန်၊ ကောင်းမှု လိုလားသူ လူတို့ဖက်မှ ဆိုလျှင် မည်သည့် သင်္ကန်းဝတ် မဆို, ရဟန်းဖြစ်စေ, ရဟန်းယောင် ရှင်တု ဖြစ်စေ, ပါရာဇိက်ဖြစ်စေ, ရှင်သာမဏေ၏ ဖြစ်စေ သံဃာ ချည်းတည်း။

စင်စစ် သံဃာ ဟူသည်ကား မဂ် ဖိုလ် ရ၍, ရဟန်း အကျင့် သိက္ခာရှိ သင်္ကန်းဝတ်သူ, မဂ် ဖိုလ် မရ, ရဟန်း အကျင့် သိက္ခာရှိ သင်္ကန်းဝတ်သူ, မဂ် ဖိုလ် မရ, ရဟန်း သိက္ခာ မရှိ, ပါရာဇိက်သင့် သင်္ကန်းဝတ်သူ တို့ကား

သံဃာ ချည်း ဖြစ်ကုန်၏၊ မှတ်ဖွယ်ကား သံဃာသည် ပုဂ္ဂိုလ်မဟုတ်, ဂိုဏ်းအဖွဲ့မဟုတ်, ဆရာ မဟုတ်, ကျောင်း နေ ခန်းနေ မဟုတ်, အစ်ကိုညီ ဆွေမျိုးသားချင်းမဟုတ်၊ စင်စစ်ကား မိမိတို့ကျင့်ဝတ် သိက္ခာကို သုပ္ပဋိပန် ဥဇုပ္ပဋိ ပန် ဉာယပ္ပဋိပန် သာမိစိပ္ပဋိပန် ဟူသော ကျင့်ထုံးလေးမျိုး အတိုင်း လိုက်နာ ကျင့်သုံးသော သက်နံးဝတ် သာ ဖြစ်၏၊ ထို့ကြောင့် ဤကား ငါ့ဆရာ, ငါ့သား ဆရာ, ငါတို့ ရွာဦး ပုဉ္ဇင်းကြီး, ငါ့အစ်ကို ငါ့ဉာတိ, ငါတို့ဂိုဏ်းဝင်တည်း ဟု စိတ်က ညွတ်ကိုင်း လှူဒါန်းလျှင် ပုဂ္ဂိုလ်သာ ဖြစ်၏, သံဃာမဖြစ်၊-ဟု မှတ်လေ။

## ဥပါသကာတို့ နှစ်လုံးထားဖွယ်

ဥပါသကာ ရတနာ ၃ပါး၌ ကိုးစားယုံကြည်သူ တကာ တကာမတို့ နှစ်လုံးထားရန် ဤနေရာ၌ ဤဝတ္ထုများ ကို ဆောင် ပြအပ်၏၊-

တရံရော အခါ မစိုးရိမ်ကျောင်းတကာ ဦးကျော် မေမြို့ မှ ဒုတိယတွဲ ရထားဖြင့် လိုက်ပါလာရာ, ထိုရထားတွဲပါ ဆရာတော် တပါးက စာအုပ် တခု ကြည့်ရှုရန် ပေးသဖြင့် နိဒါန်းမျှ ဖတ်ကြည့် ပြီးနောက် ထိုဆရာတော်အား ပြန် လည် ဆက်ကပ်လိုက်လေပြီ၊ ဆရာတော်က 'ဤစာအုပ်ကို တကာလက်စွဲ ပြုလုပ် ကြည့်ရှုဖို့ ပေးသည်, ယူဆောင် ထား၍ ,အမြဲ ဖတ်ရှုလိုက်နာ ကျင့်ဆောင်လျှင် ကိုယ်ကျိုး ရှိမည်'ဟု မိန့်ဆိုလေပြီ၊ ထိုအခါ ကျောင်းတကာ ဦးကျော်

က, ‘တပည့်များ နိဒါန်းကို ဖတ်ပြီးပါပြီ, ဘုရား, ဤစာအုပ်သည် တပည့်များနှင့် မသင့်တော်ပါ၊ တပည့်များကား သံဃာတော်ကို မြင်လျှင် သံဃာတော် အမှတ်နှင့် ကြည်ညိုကာမျှ သာ တတ်ပါသည်၊ ဤစာအုပ်မှာ မည်သည့် ရဟန်းကို လှူဒါန်းရမည်, မည်သည့် ရဟန်းကို မလှူရ, သီလ–ရှိ–မဲ့ ရွေးခြယ် စိစစ်၍ လှူရမည် စသည် ဆိုထားသော ကျမ်း ဖြစ်ပါသည်၊ တပည့်များသည် အစိုးရ ဝတ်အတိုင်း အပြစ်ရအောင် လိုက်လံ ဖမ်းဆီးသော မင်းမှုထမ်းကဲ့သို့, ရဟန်းတော်များကို သိက္ခာ အကျင့် ပြည့်စုံမစုံ, အကျင့် ကောင်း–ဆိုး ရွေးခြယ်နေရက မိမိအပြစ်ရ၍. မလှူဒါန်းရရုံ ဖြစ်ပါလိမ့်မည်၊ ဤစာအုပ်ဟာ တပည့်များနှင့် အလျှင်း မတော်ပါ, ဘုရား’ ဆို၍, ပြန်လည် ကပ်လိုက်ပူးလေသတည်း၊– ဤသည့် ကျောင်းတကာ ဦးကျော်၏. စကားလည်း မှတ်သားလောက်၏။

ရှေးအခါ ဇမ္ဗူဒိပ် ကျွန်းတွင် တကာ တယောက်သည် သံဃာ့ အာရာမ် သံဃာ့ထေရ်ဌာန် ဝင်ရောက်၍, ‘အရှင်ဘုရား, နက်ဖြန် နံနက် ဆွမ်းလုပ် ကျွေးရန် တပည့်တော်အား သံဃာတော် တပါး ချီးမြှောက် သနားတော်မူပါဟု လျှောက်ထားလေပြီ၊ အချိန် တန်သော အခါ အများ သိ ပါရာဇိက် အထပ်များစွာ သင့်ပြီး ဒုဿီလ ရဟန်း တပါး ဆိုက်ရောက် လာလေပြီ၊ ဥပါသကာ လည်း တစုံတရာ မထေ့ မပြုမူ၍, ဘုရားကိုယ်တော်တိုင်အား ကဲ့သို့ ရိုသေ ကျိုးနွံစွာ ဆက်ကပ် လုပ်ကျွေးလေပြီ၊ ဒုဿီလ ရဟန်း လည်း မိမိ၏ ဒုဿီလ အကျင့်ကို ဥပါသကာ မသိဟု

ထင်မှတ်လျက် ထိုနေ့ ညနေ အခါ ဥပါသကာ ဌာန် လာ ရောက်၍ ပေါက်တူး ငှါးရန်းလေပြီ, ဥပါသကာ သည် ပေါက်တူးကို ခြေနှင့်ပစ်ခတ် ပေးကမ်းလေပြီ၊ အိမ်နီးချင်း တို့ လာရောက် မေးမြန်းကြကုန်ရာ, ဥပါသကာက, '၅ှ- ပုဂ္ဂိုလ်ကား ဒုဿီလ ရဟန်း သာ ဖြစ်သည့်, ၎င်း၏ မကောင်း ကျင့်ကို သိလျက် ၎င်းကို ဖြီးပင့်ဖွယ် မရှိ, နံနက်ခင်းက မူကား သံဃာတော်ႇ ကိုယ်စားလှယ် ဖြစ်၍ ကျွန်ုပ် လေးစားခဲ့သည် ဟု ပြန်ကြားလေသတတ်။

ဝေဿန် မင်းသည် ပစ္စယ မည်သော စီးတော်ဆင်ကို မြောက်မြားစွာ အဖိုးတန်သော ကကြိုး တန်းဆာနှင့် တကွ ကာလိင် တိုင်းသားတို့ တောင်းခံချက် အတိုင်း မိုဃ်းခေါင် ရေရှား ဘေးမှ ကာကွယ်ရန် လှူဒါန်းလိုက်လေပြီ၊ ထို့အတူ ဝက်ဘာတောင်တွင် ရသေ့ ပြုလုပ် နေစဉ် ဇူဇကာပုဏ္ဏား အား သားတော် သမီးတော်တို့ကို ကျေးကျွန် အလို့ငှါ လှူ ဒါန်းလိုက်လေပြီ၊ ထို့ အတူ ပင် အလှူခံ ပုဏ္ဏားတဦးအား မဒ္ဒီ မိဘုရားကြီးကိုလည်း လှူဒါန်းခဲ့လေပြီ၊ ဝေဿန်မင်း၏ ထိုသည့် အလှူများအနက် မဒ္ဒီမိဘုရား အလှူ အတွက် နန်း စည်းစိမ် ထိုက်၍၊ ၎င်းအတိုင်း ပစ္စက္ခတွင်ပင် နန်း စည်း စိမ်ကို ရခဲ့ပြီ၊ သားသမီး တို့ကို ကျေးကျွန် အဖြစ် လှူမှု အတွက် တိုင်းပြည်ကို ရသင့်၍၊ ထို့အတိုင်း ရခဲ့လေပြီ၊ ပစ္စယ စီးတော် ဆင်ကို မိုဃ်းကောင်း ရန် ပေးလှူသည့် အတွက် ရတနာမိုဃ်း ရွာသွန်းခဲ့လေပြီ၊ သို့ရာတွင် ဆင် တော်ကို လှူမှုဖြင့် နှင်ထုတ်ခဲ့ကြသည့် တိုင်းသူ ပြည်သား တို့အား ရသင့်တိုင်း ဝေငှပေးကမ်းခဲ့လေပြီ၊ ဝေဿန်မင်း

သည် ဗုဒ္ဓဘာသာဝင် မဟုတ်ခဲ့စေကာ, စင်ကြယ်စွာသော စေတနာ အတွက် ပစ္စက္ခပင် ကောင်းကျိုးရ ဖြစ်ခဲ့ပြီ။

သီဟသူ မင်းသားသည် တောကစားရာမှ အပြန်တွင် ကျုံးတွင်း၌ ငါးမျှားနေသော ရှင်ယောင်တဦး မင်းသား လာသည်ကို သိ၍, ငါးမျှားကိုင်းကို ချထားလျက် ရဟန္တာ အလား ထိုင်နေသည်ကို မြင်သော်, အို-အမတ်ကြီး, အရိယာ သံဃာတော် ထိုင်နေတော်မူသည်ကို ကြည့်ရှုပါ, မည်မျှ ကြည်ညိုဖွယ် ရှိသနည်း? ဟု ဆိုလေပြီ၊ အမတ်ကြီး က သရော်သည် ဟု ထင်မှတ်လေ သတတ်၊ သို့ရာတွင် အိမ်တော်သို့ ရောက်သော်, စားသောက်ရန် ပြင်ဆင်ပြီး ပွဲတော်မှ ကောင်းနိုးရာရာ စားဖွယ် ခဲဖွယ်တို့ကို ထို-အမတ်ကြီးကို ပင် ထိုရှင်ယောင်အား သွားရောက် လှူဒါန်း စေခဲ့လေပြီ၊ အမတ်ကြီးသည် မလှူဒါန်းခဲ့မူ၍ ပြန်လာပြီး လျှင် ရဟန်းမဟုတ်, ရှင်ယောင် သာ ဖြစ်သည်, ငါးမျှား နေသည်,ထို့ကြောင့် မလှူဒါန်းခဲ့ ဟု ပြန်ကြားရာ,မင်းသား က, အို- အမတ်ကြီး, အမတ်ကြီးကို မြင်၍ ငါးမျှားတံကို ချထားကာ ဣန္ဒြေရစွာ ထိုင်နေခြင်းဖြင့် ထိုရဟန်းမှာ ဟိရိ ဩတ္တပ္ပ ထင်ရှားလျက် သီလများ ရှိပါသည်၊ သွားရောက် လှူဒါန်းပါချေ ဟု ထပ်မံ စေခိုင်း လှူဒန်းစေခဲ့သေပြီ။

သီဟသူ မင်းသားသည် ပင် တရံအခါ မွန်းတည့်လုနီး အချိန် ပွဲတော် တည်မည် အရှိ, ရဲတင်းသော ရှင်ယောင် တဦး ဆွမ်းရပ်လှာရာ, မင်းသားသည် ကောင်းနိုး ရာရာ ခဲဖွယ် စားဖွယ်တို့ကို သပိတ်ပြည့်မျှ လောင်းလှူလိုက်ပြီး သော်, အချင်း, လိုက်၍ စူးစမ်းလော့, နန္ဒမူ လိုက်ဂူမှ

ငါ့အား ချီးမြှောက်ရန် ရဟန္တာအရှင်မြတ် ကြွရောက်အလှူ ခံသည် ဖြစ်မည်ဟု ဆိုလေပြီ၊ မင်းချင်းလိုက်လံ စုံစမ်းရာ, စဏ္ဍာလ တဲသို့ ရှေးရှု သွားရောက်သည်ကို ၎င်း, မယား စဏ္ဍာလ မ က သပိတ်ကို လှမ်းယူကာ, ဝတ်လာသော သင်္ကန်းကို ချွတ်လဲပြီး နောက် လင်မယား ၂ ယောက် ဝမ်းမြောက်စွာ စားသောက်ကြ သည်ကို တွေ့ရလေပြီ၊ မင်းချင်းယောက်ျားလည်းပြန်လည်လာပြီးသော် မင်းသား အား အသျှင့်သား, ကျွန်တော် လိုက်လံ ကြည့်ရာ, မြို့တော် တံခါး အထွက်တွင် နောက်မှ ကြည့်ရှုရင်း ပင် ရဟန်း ကွယ်ပျောက် သွားပါသည် ဟု ပြန်ကြားရာ, မင်းသား သည် များစွာ ဝမ်းမြောက်လျက်, သို့ကြောင့် နန္ဒမူလိုဏ်မှ- ရဟန္တာများ ငါ့အား ချီးမြှောက်လှာကြောင်း ငါ မပြော လားဆို၍ လက်ပန်းပေါက် ခတ်သော ဟူ၏၊ ထိုနေ့တွင်ပင် သီဟသူ မင်းသား ကျုံးတွင် ဆင်ကြော့ ဖမ်းရာ ဆင်ဖြူ လေးစီးရသဖြင့်မကြာမြင့်မီပင်မင်းအဖြစ်ကိုရလေသတတ်။

ထို့ပြင် ဗုဒ္ဓဘာသာဝင် ဥပါသကာ အဖြစ်သို့ ကပ် ရောက်ပြီး ဖြစ်ကြသည့် တကာ တကာမတို့ အထူး အရေး ကြီးသော နှစ်လုံး ထားဖွယ်ကား သုပ္ပတိပန္နောဘဂဝတော သာဝက-သံဃောဂုဏ်တစိတ်သို့ ဝင်ပြီးဖြစ်သည့် အတွက် ပစ္စက္ခ သံသရာ ၂ဖြာ ၂စားလုံး ပင် ဘုရားတရား သံဃာ ရတနာ ၃ ပါး၏ အစောင့် အရှောက် အကာ အကွယ်ကို သာ ခံယူပါတော့မည် ဟု သန္နိဋ္ဌာန် ချပြီး ဖြစ်ကြသည့် အတိုင်း လှူရေး တာန်းမှု စသည် ကုသိုလ်မှု အရပ်ရပ်၌ ပင် ကမ္မဝါဒီ သာမန် အစားမျိုးတို့ကဲ့သို့ ဘဝချမ်းသာကို,

သို့မဟုတ် လူမင်း လူမိဘုရား, နတ်မင်း နတ်မိဘုရားစသော အောက်တန်း ကျသည့် စည်းစိမ် ချမ်းသာရတ် ကလေး များကို တောင့်တဖွယ် ဆုတောင်းဖွယ် မရှိ၊ အဘဲ့ကြောင့် နည်း?၊ ထိုသို့သော တောင်းတခြင်း ရည်ရွယ်ခြင်းမှာ ရာဂ ဒေါသ စသော အညစ် အကြေးသာ ဖြစ်သောကြောင့် စင် ကြယ်စွာ ရသင့်သော အကျိုးကို ညှိုးနွမ်း ဆုတ်ယုတ်စေ လေသည်၊ ထို့ပြင် အရိယ သာဝကတို့ ကြည့်ရှောင်ရမည့် ဘုဖိသာ=တဏှာဘဝ္ဂနံအဖြစ်မှ တော်လွန်ခြင်း, အပရာမဋ္ဌ= လောကစွဲ တစုံတရာ မထားခြင်း ဟူသော ဝတ်တရား များနှင့် ဆန့်ကျင် ဖည်လာ ဖြစ်လေသည်၊ ထို့ပြင် မိမိတို့ ရည်ညွှန်း တောင်းတချက် မဂ် ဖိုလ် နိဗ္ဗာဏ် ချမ်းသာမှန် တရားတို့နှင့် အများကြီး ဆန့်ကျင်လေသည်၊ ဤသို့သော အကြောင်းများဖြင့် အရိယ-သာဝက ဥပါသက ဂုဏ်သီး ဘွဲ့ထူးကြီး ခံကြသော ဗုဒ္ဓဘာသာဝင်တို့သည် ဤအချက် ကို လေးနက်စွာ သတိ ပြုကြရကုန်မည်။

---


## ဗုဒ္ဓဘာသာဝင်တို့

**သိသင့် သိထိုက် သိအပ်သော တရား အလုံးတို့ကို တသန့်စီ တသန့်စီ ပန်းကုံးသီသကဲ့သို့ ကျင့်ကြံအားထုတ်နည်း တို့နှင့်တကွ အကျယ်ဝေဘန် ရေးသား ဖော်ပြအပ်သော**

အရှင်အာဒိစ္စဝံသ၏

# တရားဂုဏ်မှန်တော်ကြီး

၁၆ တွဲ

စက္ကူချော ၅-ကျပ်။ စက္ကူကြမ်း အတိုး ၄-ကျပ်၊

# ၆။ နိဂုံးကမ္ပတ်

**ဧတ္တာဝတာစ—**

– ရတန-ဂုဏ-ဓောတာယ,
ဟိတာယ ဗုဒ္ဓ-ဘတ္တိနံ၊
ဉာဏီနံ မိဿ-ဝါဒီနံ,
သမိက္ခာယ သမာ ကတော။
ရတနတ္တယဿ ဂုဏဿ,
နယဿ ဥပဒေသကော၊
မဟာဩ'ယံ ဟိတေသီနံ'
နိဗ္ဗာနံ' နာမယာ ဂတော။
ပုညေ 'နေတေန သဗ္ဗာနံ,
သဗ္ဗာနံ ဟိတ ဝဍ္ဎနံ၊
သုပတ္ထိတာ သ'မိဇ္ဈန္တု,
သုခယန္တု သု-ကာမကာ။

**စ**=ကျမ်းပြီး အချုပ် နိဂုံး အုပ်အုံ့၊ ဧတ္တာဝတာ=ဤရွေ့လောက်မျှ အကျဉ်းပြ စကားရပ်ဖြင့်၊ ရတနဂုဏဓောတာယ=ဘုရား တရား သံဃာ ရတနာ ၃-ပါးတို့ ဂုဏ်တော်များ ထင်ရှား ထွန်းပစေရန် အလို့ငှါ၎င်း၊ ဗုဒ္ဓ·ဘတ္တိနံ=ရတနာ ၃ ပါးကို ကိုးစား ဆီးကပ်ကြသည့် ဗုဒ္ဓဘာသာဝင်တို့အား၊ ဟိတာယ=အကျိုးစီးပွါး များပါစေရန် အလို့ငှါ၎င်း၊ ဉာဏီနံ မိဿ·ဝါဒီနံ=ဉာဏ် အမြင်ရှိသော အယူ တပါး အမှား ဝါဒသျှင်တို့အား၊ သမိက္ခာယ=ဗုဒ္ဓဘာသာ အယူ

ဝါဒ၌ သင့်မျှစွာ ကြည့်ရှု ဆင်ခြင်ကြရန် အလို့ငှါဖြင်း၊ သမာ= အကျဉ်းချုပ်အားဖြင့်၊ ကတော= ပြုစုရေးသား အပ်သော ရတနတ္တယဿ ဂုဏာဘာသနယသာသာ ဥပဒေသကော =ရတနာ ၃-ပါးဆိုင်ရာ ဂုဏ်တော်၏ နည်းနာကို ညွှန်ပြ၍၊ ဟိတေသိနံ= လူတို့ အစီးအပွါးကို ရှာမှီးသူတို့ အတွက် မဟာဂ္ဃ ါ= အဖိုးမြားမြောက်စွာ ထိုက်တန်သော၊အသံ= ဤရတနတ္တယဂုဏ နယူပဒေသ ကျမ်းသည်၊ အနာမယာ= တစုံတရာ ရောဂါဥပဒ် ကပ်ရောက်မရှိ ပကတိ အေးမြ သဖြင့်၊ နိဋ္ဌာနံ= ပြီးဆုံးခြင်းသို့၊ ဂတော=ရောက်လတ် သတည်း။

## မြန်မာနှင့် ဗြုတ်စဖြင်းတောင်း ဝါဒ။

ဤသည့် နိဂုံး—ကမှတ်တွင် 'လူတို့ အစီး အပွါးကို လိုလားသူတို့ အတွက် အဖိုးမြောက်မြားစွာ ထိုက်တန်သော ဤ ရတနတ္တယ-ဂုဏ- နယူပဒေသကျမ်း' ဆိုရာ၌ ဤသို့ အဓိပ္ပါယ်ကျဉ်း မှတ်သင့်လေသည်၊— ဘုန်းပ်ကား မြန်မာပြည်၌ပင် မွေးဖွား ကြီးပြင်းလာခဲ့သည့် မြန်မာ-အမျိုးသား တဦး ဖြစ်စေကာ, ဤမြန်မာ ပြည်သားတို့၏ ဗုဒ္ဓဘာသာ အယူမှ တပါး အခြား နတ် ဗေဒင် သိုက် တဘောင်စံ ည်း ဘဝေါအင်းအိုင် လက်ဖွဲ့ မန္တန် မန္တြား တိတ် နိမိတ် မင်္ဂလာ အမင်္ဂလာ စသည် ပြုတ်စ ဖြင်းတောင်း မကောင်း နိမ့်ကျ ညံ့ဖျင်းလှသော အယူ-ဝါဒ ရှိကြသည်ကို စင်စစ် မသိခဲ့ရပချေ၊ ဘုန်းပ် ဣန္ဒိယနှင့် ဥရောပတိုက်များတွင် နေထိုင်ခဲ့စဉ်က ဣန္ဒိယ-ဘာသာများနှင့်ငင်း အင်္ဂလိပ်-ဘာသာများနှင့်ငင်း ရေးထား၍ ခရစ္စယာန်က မြန်မာတို့ ဗုဒ္ဓ-

ဘာသာ အယူဝါဒကို ရှုတ်ချ ရေးသားချက် စာများတွင် မြန်မာ-လူမျိုးတို့မှာ နတ်ကို အကြီးအကျယ် ကိုးစား ယုံကြည်ကြသူတို့ ဖြစ်ကြကြောင်းနှင့် ဖော်ပြ ထားသည်ကို အခါခါ တွေ့ရသော်လည်း ထိုမျှထိုင် ဆိုးဝါးသည် ဟု မထင်မှတ်မိခဲ့ပချေ။

ထိုကဲ့သို့ ဘုန်းပိ မသိနိုင်ပဲ ဖြစ်နေရသည်မှာ အခြားအကြောင်းကြောင့် မဟုတ်၊ ဘုန်းပိသည် ဗုဒ္ဓဘာသာဝင် ပုဉ်းကြီးပိုင်းတွင် နေထိုင်ခဲ့သူဖြစ်ရကား လောက-သားတို့ အပြု အမူ အလေ့ အကျင့် များကိုသေချာကျနအောင် ထောက်ဆ စိစစ်ခြင်း မရှိခဲ့မူ၍ မိမိ မျက်စိအောက်တွင် တွေ့မြင် သိရှိရသော ဗုဒ္ဓဘာသာ အယူဝါဒ အစိပ်အပိုင်းမျှကိုသာ အကသ် အမှန် ပုံဂံ စဉ်းချိန်ကြီး တခု ပြုလုပ်ကာ ဗုဒ္ဓဘာသာဝင် မြန်မာ ရှမ်း တလိုင်း ကရင် ရက္ခိုင် မှန်သမျှကို ချိန်စက် ဆဝါး အထင်မှား ပြုလုပ်ခဲ့သောကြောင့် ဖြစ်လေလည်း၊ ဧကန်သော်ကား ဤမြန်မာ လူမျိုးတို့သည် ဗုဒ္ဓဘာသာအမည်ခံမျှသာ ဖြစ်ကုန်လျက် အခြားသော နတ် ဗေဒင် ယုံကြည်သော ဇာန္တိယသား အယူခြားဖြစ်သူ တို့နှင့် တစုံ တရာ ခြားနား ကွဲလွဲ မရှိကြကုန်၊ အကြောင်းကား ဤမြန်မာပြည်၌ ရှည်မြင့်စွာလှသောအခါ ကာလမှစ၍ နတ် ဗေဒင် သိုက်တဘောင် စံနည်း ဘဝေါ အင်း အိုင် လက်ဖွဲ့ မန္တာန် မန္တြား တိတ် နိမိတ် မင်္ဂလာ အမင်္ဂလာ စသော မိစ္ဆာ-အယူ-ဝါဒများမှာ မြန်မာ ဥပါသကာ တကာ တကာမများ အပေါ်၌ ပြောဆိုဖွယ်မရှိ၊ အမှန်ကား ဗုဒ္ဓသာသနာဝင် ပုဉ်းတော်ကြီးတိုင်း အပေါ်၌

ပင် အခြေ အမြစ် ဖြစ်ဖြစ် မြောက်မြောက် စွဲရောက်ခိုင်ခံ့လျက် ရှိလေသည်။

ကျွန်ုပ် ကိုယ်တိုင် အပေါ်မှ ခွါစွန့် ပစ်ချခဲ့ရသော နတ်ဗေဒင် သိုက်တဘောင် စံနည်း ဘဝေါအင်းအိုင် လက်ဖွဲ့ မန္တန် မန္တြား တိတ် နိမိတ်မင်္ဂလာ အမင်္ဂလာ စသောမိစ္ဆာအယူများမှာ ကျွန်ုပ်တို့၏ ဆရာသမားဖြစ်သည့် ပုဉ်းတော်ကြီးတို့က အမွေပေးအပ်ခဲ့ချက်သာ ဖြစ်ကြကြောင်း သိရှိရသည့် အတိုင်း မြန်မာ ရာဇဝင်ကို လျှောက်၍ ကြည့်ရှုပြန်ခဲ့ရာတွင် လည်း ပု-ကာမ် ပင်းယ အင်းဝ စစ်ကိုင်း အမရ-ပုရ မန္တလေးအထိ မြန်မာ မင်းများ, ထိုမှ တပါး ရက္ခိုင်မင်းများ, တလိုင်းမင်းများ-အားလုံးပင်ဗုဒ္ဓသာသနာဝင်တို့ဟု ထင်မှတ်ကြရသလောက် နတ်ဗေဒင် သိုက်တဘောင် စံနည်း ဘဝေါ အင်းအိုင် လက်ဖွဲ့ မန္တန်မန္တြား မင်္ဂလာ အမင်္ဂလာ တိတ် နိမိတ် အစွဲး သန်ကြကြောင်း သိနိုင်ကုန်သတည်း၊ စင်စစ်မှာ ဇမ္ဗူယတိုင်းပြည်က ပုရာဏ်ဝါဒ ရာဇမတ္တဏ်ဝါဒ ဝေဒဆိုင်ရာ ဗြိဟာဇပတိဝါဒဇောတိသတ်ဝါဒနှင့် ဇာသရကုတ္တ ဗြဟ္မနိမ္မာန အယူ သမြတိ-ကျမ်း အရ ဇာတိဝါဒကို စွဲယူကြသည့် နဖူး ပြာသုတ်မန်းမှုတ်သည့် ပုဏ္ဏားတို့ အခုဂ်စိုးခဲ့လျက် ရှိသည်ကို သာရာဇဝင် တလျှောက်လုံး သိခဲ့ရ လေသည်၊ ထို့ကြောင့် ကျွန်ုပ်သည် ၁၂၈၀-ပြည့်နှစ် လောက်မှ စ၍ မိမိ၏ ဗုဒ္ဓဘာသာဝါဒ အစစ်ကိုသာ ဖော်ပြလာခဲ့ရာ, အစ ကနဦးမှာ မိမိ တဦးတည်းသာ ဗုဒ္ဓဘာသာဝင် အစစ် ဖြစ်သည်ကို သိမှတ်ရလေပြီ။

ထိုစဉ် အခါ ကျွန်ုပ်က နတ် ဗေဒင် စသော မိစ္ဆာဝါဒ များ၏ မှားယွင်းကြောင်းကို စလိုက်သော အခါ များစွာ သော မိမိ၏ ဆရာ-သမား သီတင်း သုံးဖော်တို့က 'အို- ကိုယ်တော်,သလို မပြောနှင့်လေ၊ ရှေးရှေး ဆရာကြီး သမား ကြီး ပညာရှိကြီး များကို မပုတ်ခတ်ပါလင့်' ဟု တားမြစ် ကြကုန်ပြီ၊ သို့ရာတွင် ကျွန်ုပ်ကဲ့သို့ ပင် တိတ်တိတ်ပုန်း ဗုဒ္ဓ ဘာသာ ဝါဒစစ် ဖြစ်ကြသူ, သို့ ဖြစ်စေကာ, ထိုသည့် နတ် ဗေဒင် စသော မိစ္ဆာ အယူဝါဒတို့ကို မပယ်လှန်နိုင်သဖြင့် ကြိတ်ခံနေကြရသူ အနည်းငယ်ကို လည်း တွေ့ခဲ့ရသေးပြီ၊ ဤသို့ နှင်နှင် သာလျှင် တဖြည်းဖြည်း ကာလ ကုန်ဆုံးလာ ခဲ့ရာ, ၁၂၉၇-ခုနှစ် ကျွန်ုပ်ရေးထုတ်သည့် **ဘိက္ခုနီသာ သနောပဒေသကျမ်း** ၂၉ နာမ်ပါတ်က လှုံ့ဆော်လိုက်သော ကိစ္စနှင့် ပတ်သက်၍ ပကာသနီယ အပ္ပသာဒပ္ပဝေဒန အမှု ကြီး ဖြစ်ပေါ်ခဲ့သော အခါ ကျွန်ုပ်၏ ဗုဒ္ဓဘာသာဝါဒမှန် အစစ်ကို ထုတ်ဖော် ပြသရန်, ထိုသည့် နတ်ဗေဒင် စသော မိစ္ဆာဝါဒများကို အပြစ် ဖော်ပြရန် အခွင့်ကောင်းကောင်း ရခဲ့လေသတည်း၊ ဤသို့အားဖြင့် ဗုဒ္ဓဘာသာ အယူမှန်ကို လိုလား၍ လူစစ် လူမှန် တို့ ရတနာ ရသင့် ရခွင့်တော်သူတို့ အတွက် အနန္တ ရတနာတိုက်ကြီးဖြစ်ပုံကား ဤသို့တည်း။

ကျွန်ုပ်တို့ ဗုဒ္ဓဘာသာ ကျမ်းဂန်များ၌ ဘုရားဟော ပါဠိ တော် ခေါ်သော ကျမ်းစာမျိုး, ၎င်းအဖွင့် အဋ္ဌကထာဋီကာ စသော ကျမ်းဂန်မျိုးဟု ၂ မျိုး ၂ စား ခြားနားလျက် ရှိကြ ကုန်၏၊ ထို ၂ မျိုး တို့တွင် ဘုရားဟောဟု စင်စစ် ပညာရှိ တို့ ယူမှတ်အပ်သည့် ဘုရား အလိုတော်ကျ ပါဠိတော်

များ၌ကား နတ် ဗေဒင် သိုက်တဘောင် စံနည်း ဘဝေါ အင်း အိုင် စသော မိစ္ဆာ့အယူများ လုံးလုံး မပါဝင်ခဲ့ချေ၊ ဒုတိယ မြောက် အဖွင့် သံဝဏ္ဏနာ ခေါ် အဋ္ဌကထာ ဋီကာ စသော ကျမ်းတို့၌ကား ထိုသို့သော မိစ္ဆာ အယူများလည်း ပါဝင် လျက် ရှိလေသည်၊ ထိုသို့ ဖြစ်ရခြင်း၏ အကြောင်းကား အဋ္ဌကထာ ဋီကာ ဆရာတို့မှာ ထိုထို ဒေသသားများ ဖြစ် ကြသည့် အတိုင်း မိမိတို့ ဒေသ မျိုးရိုး အလေ့များ စွဲမှား ပြီး ရှိကြသောကြောင့် ဘုရား အလိုတော် ကျ မကျ မချင့် စာနိုင်ပဲ ရေးသား ထားကြလေသည်၊ ထို့အတူ ခိုင်လုံ သော ဘုရား ဟောဟု ပညာရှိတို့ ရိုးကိုးလောက်သည့် ပါဠိတော်များ၌ ဒါန သီလ ဘာဝနာများ အတွက် လူမင်း လူမိဘုရား, နတ်မင်း နတ်မိဘုရား,သိကြား ဗြဟ္မာ ပဒေသ ရာဇ် ဧကရာဇ် စကြာရာဇ် စည်းစိမ်များ ဆုတောင်း ဆုယူ ပြုရန် မပါပချေ၊ ဘဝ ဒုက္ခ ကုန်ဆုံးရေး လုပ်ငန်း သက် သက်သာ ဖြစ်လေသည်၊ အဖွင့်ကျမ်းတို့က မူကား ဝဋ္ဋ- နိဿိတ ဝိဝဋ္ဋ-နိဿိတဟု ဒါန သီလ စသည်တို့၌ ခွဲခြား ဖွင့်ဆိုကြကုန်၏။

ဤသို့သော အကြောင်းများကြောင့် 'နိဗ္ဗာန် ချမ်းသာ တရားတော်မြတ်ကို ရပါလို၏၊ နိဗ္ဗာန် မရမီ, ကျင်လည်ရ သော ဘဝများ၌ ဆက်တိုင်း ဆက်တိုင်း ယုတ်ညံ့သော သူဆင်းရဲ သူကျေးမျိုး, ဥမ္မာစလ္လား စဏ္ဍာလမျိုးတို့၌ တရံ တဆစ် မဖြစ်ရမူ၍, မြင့်မြတ်သော အမျိုး၌သာ ဖြစ်ရလို၏၊ ဓောတိက ဇဋိလ သေဋ္ဌေးတို့ကဲ့သို့ ကြွယ်ဝ ချမ်းသာရလို ၏၊ မန္ဓာတု စကြာမင်းကဲ့သို့ စိုးရပိုင်နှင်း မင်းထက် မင်း

ဖြစ်ရလို၍-စသော ရေစက်ချများ,သင်္ဂြိုဟ်ဒါတင်ပေးတော စသော ပါဠိဂါထာ ဆုတောင်းများ,-အပါယ် လေးပါး, ကပ်သုံးပါး,အရပ် ဖြစ် ရှစ်ပါး, ရန်သူမျိုး ငါးပါး,ဝိပတ္တိ တရား လေးပါး တို့မှ အခါ ခပ်သိမ်း ကင်းလွတ်ငြိမ်း၍, အဆုံးစွန်သောဘဝ နေခင်ကာလ၌ နိဗ္ဗာန်ချမ်းသာ တရား တော်မြတ်ကို ရပါလို၏,ဘုရား၊-စသော ဆုတောင်းများ ကို ဆိုကြကုန်၏။ စင်စစ်ကား ဤ ရေစက်ချများ ဆု တောင်း ဆိုယူများမှာ နိဗ္ဗာန်ကို ဘယ်အခါမှ မရပဲ ရှိရပါ လို၏၊-ဆိုသည်နှင့် မခြားနား ပင် ဖြစ်သည်ကို မရိပ်မိ မဖြတ်မိကြကုန်။

ယင်းသို့အားဖြင့် ပိဋကတော်အဖွင့် သံဝဏ္ဏနာ စာပေ ကျမ်းဂန်များနှင့် တကွ ၎င်းတို့ကို ကြည့်ရှု လိုက်နာကြ သည့် ရှင်လူရဟန်းတို့ ကတောင်ချောက်ချားဖြစ်ကြသဖြင့် လူသားစစ်တို့ လုပ်သင့် လုပ်ထိုက်သော လုပ်ငန်းကြီးများ လစ်ဟင်း နေရကား လမ်းသွား မမှန်သော အချက်ကို အကွက် ကျကျ ပြင်ဆင်လျက် သူစင် သူကောင်းတို့ အတွက် အမိုး အနဿ ထိုက်တန်သော ဤ ရတနတ္တယ- နယူပဒေသ ကျမ်းကား ဆုံးခန်းတိုင် ရောက်ပါသည် ဟု ဆိုလိုသတည်း။

ပြီးပါပြီ။

ဧတေန ပုညေန=ဤသည့် ကျမ်းပြုကုသိုလ်မှုဖြင့်၊ ဝါ=ကုသိုလ်မှုကြောင့်၊ ဟိတဝဍ္ဎနံ= မိမိတို့စီးပွါး၏ ကြီးမား တိုးတက်ခြင်းကို၊ သတ္တာနံ= ကပ်ငြိ စွဲလန်း ကုန်သော၊ သတ္တာနံ=ကမ္ဘါနေသူ နတ်လူ ဗြဟ္မာ သတ္တဝါ အထူးထူး တို့၏၊ သုပတ္ထိတာ= ကောင်းမွန်သန့်ရှင်းအပြစ် ကင်းသော တောင့်တချက်တို့သည်၊ သမိဇ္ဈန္တု= ပြီးပြည့်စုံစေကုန် သတည်း၊ သုကာမကာ=အလိုဆန္ဒကောင်း ရှိသူ မှန်သမျှ တို့သည် သုခယန္တု=လိုအင် ဆန္ဒ တောင့်တိုင်းရ၍ ချမ်းမြ ကြစေကုန်သတည်း။-

ဤမျှဖြင့် ၁၂၉၈ ခုနှစ်၊ ဝါခေါင်လဆုတ် တရက်နေ့ ည ရေးသားအပ်သော ရတနတ္တယ ဂုဏ နယပဒေသခေါ် **ဂုဏ်တော်နှင့် သုံးစွဲးထုံး** ကျမ်း သည့်ကား ၎င်းလဆုတ် ၂ ရက်နေ့ နေ့ ၃ နာရီခွဲအချိန် ပြီးဆုံးသည်၊ ထိုနောက် ထိုမူမှ များစွာသော သူတို့ ကူးရေကြသဖြင့် မူအကွဲးကွဲး အနုံးနုံး အဖုံဖုံ ဖြစ်ရှိ နေသည့်တွင် ၁၃၀၁-ခုနှစ် နယုန် လဆန်း ၁၃-ရက်နေ့ည ၁၀-နာရီအချိန် ထပ်မံ ပြင်ဆင် ရေးသားချက် ပြီးမြောက်သတည်း။

ဤဂုဏ်တော်နှင့် သုံးစွဲးထုံးကျမ်းကို ၁၃၀၂-ခု ဝါဆို လဆုတ် ၁၁ ရက်နေ့ ရန်ကုန်မြို့ ဝိဇယ စာပုံနှိပ်တိုက်၌ ကျမ်းဆရာ ကိုယ်တိုင် ကျနစွာပြင်ဆင်ချက်အတိုင်း ပထမ အကြိမ် ပုံနှိပ်ပြီး၍ ဒုတိယအကြိမ် သုဓမ္မဝတီပုံနှိပ်တိုက်၌ အရှင်ပညာဇောတ ဆရာတော်ကိုယ်တိုင် ကျနစွာ တည်း ဖြန့်၍ ၁၃၁၄-ခု၊ ဝါဆိုလပြည့်နေ့တွင် ရိုက်နှိပ် ထုတ်ဝေ ပါသည်၊

# မဇ္ဈိမပဏ္ဏာသ ပါဠိတော်-ဗုဒ္ဓဘာသာ

(ဘ)ုရားရှင်သည် လက်ဦးဆုံး လောကသို့ တရားမျိုးစေ့ချ၍ စိုက်ပျိုးတော်(မူ)သော မဇ္ဈိမပဏ္ဏာသ ပါဠိတော်ကို သန့်ရှင်း ပြတ်သားစွာ (ဖ)တ်နာသူတို့ ကြည်နူးလောက်အောင် ရေးသားထားခြင်း၊ ၎င်း ပါဠိ(ဘ)ာသာကို မြန်မာဘာသာဖြင့် ကျနစွာ ပြန်ဆိုထားခြင်း၊ ၎င်းကို တဖန် (အ)နက်အဓိပ္ပါယ် ပေါ်လွင်စွာ ဖွင့်ဆိုထားခြင်းဖြင့် ဗုဒ္ဓဘာသာဝင် ဥပါ(သ)ကာ၊ ဥပါသိကာ အားလုံးပင် ဤမဇ္ဈိမ ဒေသနာတော်က ညွှန်ပြထား(သ)က် သစ္စာ ဒေသနာတော်ကို သဘောပေါက် ကြ၍ ဗုဒ္ဓဘာသာ တရား(တော်)၏ စင်စစ် မှန်ကန်သော ချမ်းသာရေးကို ယုံမှားမဲ့ သိမြင်နိုင်(မည့်)လောက်အောင် အရှင်အာဒိစ္စဝံသမထေရ်က ရှင်းလင်း ဘော်ပြထားပါ(သ)ည်။

**တအုပ်လျှင်—၅၀ ပြား။**

---

# သင်္ဂါယနာ ရှင်းတမ်းကြီး

သင်္ဂါယနာ ဆိုတာ ဘာလဲ?၊ ဘာ့ကြောင့် သင်္ဂါယနာ တင်ခဲ့(ကြ)ပါသလဲ?၊ ဆဋ္ဌ သင်္ဂါယနာဟာ မှုမှန်ရဲ့လား ? စသည် မေးခွန်းများ(က)ို တခုစီ တခုစီ ရှင်းလင်း၍ ပထမ သင်္ဂါယနာမှ ပဉ္စမ သင်္ဂါယနာထိ (အ)စဉ်အဆက် သင်္ဂါယနာတင်ခဲ့ပုံ သမိုင်းစဉ်များကို ထင်ရှား ရှင်းလင်း(စ)ွာ ဖေါ်ပြပြီးလျှင် ဆဋ္ဌ သင်္ဂါယနာ၏ အောက်ခြေလွှတ်ပုံ၊ မှုမမှန်ပုံ၊ (ရ)င်းတိုက်ပုံတို့ကို တသန့်စီ တသန့်စီ ရှုလုံးသီ သကဲ့သို့ ပေါ်လွင်စွာစိစဉ်(ထ)ားကာ အမှားကိုလှန်၍ အမှန်ကို လက်ခံနိုင်သူများ အတွက် ဓမ္မကံ(ထ)က်သက်ဖြင့် မော်လမြိုင်-မုဒုံ-သခင်သိန်းဖေ ရေးသော စာအုပ်(ဖ)စ်ပါသတည်း။

**တအုပ်လျှင်—၅၀ ပြား။**

တဆင့် ကမ်းလှမ်း ဝေငှ လှူဒါန်းလိုသူများအဖို့
အထူးနှုံးနှင့် ပေးပါမည်။

# လူ့အဖိုးတန်များအတွက်

## အဖိုးတန် စာအုပ်များ

---

**၁။ ဘိက္ခုနီအရေးတော်ပုံကျမ်းကြီး** အဖိုး-၅ိ

ဗုဒ္ဓသာသနာနှင့် ဗုဒ္ဓဘာသာဝင် မြန်မာကို အရှက်ခွဲးကြသော ရှင် လူ တစု တို့အား ဒုဂ္ဂတိ လွန်မြောက်၍ သုဂတိ ရောက်ပို့သော ကျမ်း။

**၂။ ဝိမုတ္တိညာဏောပဒေသကျမ်း** အဖိုး-၁ိ၊

ဗုဒ္ဓသာသာနာ၏ အမြစ် ပိဋက အနှစ်ဖြစ်သော ကမ်လမ်း ဈာန်လမ်း ဉာဏ်လမ်း ၃ မျိုးကို ဝေဖန်ပြသော ဗုဒ္ဓဘာသာ အခြေပြု လက်စွဲ။

**၃။ သရဏဂုံ နှင့် ကိုးကွယ်ထုံး** အဖိုး-၁ိ။

ဗုဒ္ဓသာသနာတော်နှင့် ဗုဒ္ဓဘာသာ အစစ် ဖြစ်အောင် လုပ်ကိုင်ရေး အပါယ်ဘေးငြိမ်းအောင် လုပ်ထုံး၊ ဗုဒ္ဓဘာသာ အယူ၏ မှချ အခြေတယ်ကို ပြဆိုသောကြောင့် ဗုဒ္ဓဘာသာဝင်တို့သည် မိမိတို့ ကိုးကွယ် အားထားရာ ဘုရား၌ နေထားတကျ ဖြစ်စေရန် ဖတ်ရှုသင့်ပေသည်။

**၄။ ကာဗျာ့ချိန်ခွင်** အဖိုး ၅ဝ ပြား-။

ဘုရားဖြူဆရာတော်နှင့် ပကာသနိယ အပ္ပသာဒ ကမ်ပြု လူ ရှင်တို့ ဂုဏ်ကို စုပေါင်း ရိုက်နှိပ်ထားသည်။

**၅။ ကာဗျာ့မှန်** အဖိုး-၃ိ၊

မြန်မာ ကဗျာဗန္ဓ၌ ဆရာ တမူ ပြုနိုင်ကြရန် ကာဗျာဖွဲ့ထုံးဆန်းနှင့် မြန်မာဝါကျ ပိုဒ်ကန့်ထုံး စည်းမျဉ်းများကို ညွှန်ပြထားသည်။

## ၆။ ပရိတ္တသင်္ဂဟခေါ်-ပရိတ်တော်ကြီး။ အဖိုး ၈။

ပရိတ် ရွတ်စဉ်။ ပရိတ် ရွတ်ဖတ် စည်းမျဉ်း၊ ပရိတ် ရပ် ဖြတ် နည်းညွှန်း၊ ပရိတ် ရွတ်ဖတ် နည်းညွှန်းများနှင့် တကွ ထိုထို ပရိတ်ကြီး စာအုပ်များတွင် မပါ ကြွင်းကျန်နေသော ဘုရား ဟော ပရိတ် မှန်သမျှကို စုပေါင်း ရိုက်နှိပ်ထားပါသည်။

## ၇။ ဘိက္ခုနီသာသနောပဒေသကျမ်း။ အဖိုး ၂၀။

မြန်မာတို့ တခေတ်တွင် မြစ်တောင့်ဖြစ်ခဲ့ ဖြစ်ပေါ်လာသော ကျမ်း, ရေးသားပုံ ဆန်းသဖြင့် ကောင်းမွန်းသိသူ များစွာက ပကာသနီယကမ် နှင့် အပ္ပသာဒပ္ပဝေဒနကမ်ဖြင့် ပူဇော်ချီးကျူး ရသော ကျမ်း။

## ၈။ ယမကပ္ပဟောဠိဒီပိကာ။ အဖိုး-၂၅ ပြား။

သုတလိုက်စား စာသင်သားများ အတွက် အထူး ရေးသား သည်။

## ၉။ ပါဠိပါဒသိက္ခာဝလိ။ ပ-၄ ၂၅ ပြားစီ။

၎င်း တ-စ-မ ၅၀ ပြားစီ။

ပိဋကတော် အခြေတယ် အဖြစ်ဖြင့် ပထမဆုံးသင်ယူရန် ပိဋက သင်ပုန်းကြီး ဖြစ်၏။

## ၁၀။ ဂုဏ်တော်နှင့်သုံးစွဲးထုံး။ အဖိုး-၈။

မည်သည့် ဂုဏ်တော်ဖွင့်ကျမ်းကမျှ မရေးဘူး သေးသော အချက် သစ် အမိပ္ပါယ်သစ် စကားသစ်များသာ ဖြစ်သည်၊ ၎င်းပြင် ရှေးပညာရှိကြီးတို့ ဂုဏ်တော် သုံးစွဲးနည်း အထူးထူးကို ဖော်ပြ ထားသဖြင့် လောက ဇာတ္တိ သိဒ္ဓိမျိုး လိုလားလျှင် စိတ်ထား တိုင်း ပြီးစရာ, တရားသာ သဘောပိုက်လျှင် လည်း နိဗ္ဗာန်ဆိုက် ကျင့်စရာ သေချာပေါက်ကျမ်းဖြစ်သည်။

# ဗြဟ္မယာစနကထာ ပြဿနာ

ဆဋ္ဌသင်္ဂါယနာတင် ဆရာတော် သံဃာတော်တို့အာ
မြန်မာနိုင်ငံတော် ဝန်ကြီးချုပ် ဦးနုက လျှောက်ထာ
အပ်သည့်—
**မြတ်စွာဘုရားသခင်သည် သဗ္ဗညုတဉာဏ်ကို ရတော်မူပြ**
**စက တရားမဟောခြင်းငှါ အကြံတော်ဖြစ်နေ၍ သဟံပ**
**ဗြဟ္မာမင်းလာရောက်တောင်းပန်မှသာ တရားဟောတော်**
**မူသည်** ဟူသော ဝါဒ နှင့်ပတ်သက်သော မေးခွန်းမျာ
တို့ကို တောင်တွင်းကြီး- အရှင်ဥက္ကဋ္ဌနှင့် မော်လမြို
သခင်သိန်းဖေတို့ အကျယ်ဝေဘန် ရှင်းလင်း ဖြေဆ
ထားချက်ဖြစ်၍ ဗုဒ္ဓဘာသာတိုင်း သိအပ်လှပေသည်၊

**တအုပ်-၅၀ ပြား**

---

# မြန်မာသတိပဋ္ဌာန်အဖွင့်

ဘုရားရှင် ကိုယ်တော်တိုင် ဟောညွှန် တော်မူခဲ့ချ
သတိပဋ္ဌာန် နိဗ္ဗာန်လမ်းကြီးကို ထင်ထင်ရှားရှား ေ
လွင် ကြေနပ်စွာ လိုက်နာနိုင်အောင် အလွယ်ဆုံးမြန်မ
စကားဖြင့် အရပ်သားများ နားလည် လိုက်နာကျင့်
နိုင်အောင် ဖွင့်ဆိုရေးသား ညွှန်ပြထားပါသည်။

**တအုပ်-၂**